ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ အင်္ဂါနေ့၊ (20-4-2004) (၄၂၀၉)

သမဏာနဉ္စ ဒဿနံ တံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စပိန်နိုင်ငံဝန်ကြီးချုပ်အသစ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် စပိန်နိုင်ငံဝန်ကြီးချုပ်အသစ် မစ္စတာ ဟိုဆေ၊ လူဝီ၊ ရိုဒရီဂက်ဇ်၊ ဇာပါတေအိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကြီးကို ယခင်ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ချက်နှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်

ညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး ချို့ယွင်းချက်၊ ဟာကွက်မရှိအောင် အဘက်ဘက်မှ ပြည့်ပြည့်စုံစုံ လိုလေသေးမရှိအောင် စေတနာထားကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဧပြီ ၁၉

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၄-၂၀၀၄ (အင်္ဂါနေ့)

ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု လမ်းနှင့်တံတားများ တိုးချဲ့တည်ဆောက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြား အလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပြည်နယ်နှင့် တိုင်းများအလိုက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းများ သတ်မှတ်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်တို့ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ကိုလည်း အချိတ်အဆက်မိမိ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နယ်မြေဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားရေး လုပ်ငန်းများ တိုးတက်လာပြီး ဒေသ၏စီးပွားရေးအခြေအနေများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ တစ်ပြိုင်တည်းတွင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်နယ်နှင့်တိုင်း နယ်မြေဒေသအားလုံးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး လုပ်ငန်းများကို အလေးထား ဖြည့်ဆည်းပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်သည် ရေ၊မြေသယံဇာတ ပေါများကြွယ်ဝသော ဒေသဖြစ်သည်။ ယခင်ကာလများက လေကြောင်းလမ်းနှင့် ရေကြောင်းလမ်းကိုသာ အဓိကအားထား အသုံးပြုခဲ့ရ၍ လမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသဖြစ်သည်။ ယခုအခါ နိုင်ငံတော်က ရခိုင်ပြည်နယ်နှင့် အခြားသော ပြည်နယ်၊ တိုင်းများ ကူးသန်းသွားလာမှု လွယ်ကူစေရန် မော်တော်ကားလမ်းသစ်များစွာကို ဖောက်လုပ်ပေးခဲ့၍ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လျက်ရှိသည်။

ရခိုင်ပြည်နယ် ဆက်သွယ်သွားလာရေးတွင် အရေးပါသည့် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးကို ၂၀၀၀ ပြည့်နှစ်က ဖောက်လုပ်ပြီးစီးခဲ့ရာ စစ်တွေမြို့မှ ရန်ကုန်မြို့တော်နှင့် အခြားပြည်နယ်၊ တိုင်းများသို့ လွယ်ကူစွာ ကူးသန်းသွားလာနိုင်လျက်ရှိသည်။ ယခုအခါ ကျောက်ဖြူ-မအီ-တောင်ကုတ်လမ်း၊ မအီ-အမ်းလမ်းတို့ကို ဆက်လက်၍ အင်တိုက်အားတိုက် ဖောက်လုပ်လျက်ရှိသည်။

ပြည်နယ်အတွင်း လမ်းသစ်များ ဖောက်လုပ်မှုနှင့်အတူ တံတားများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ရန်ကုန်-စစ်တွေ ကားလမ်းမကြီးပေါ်ရှိ နာရီကန်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသည့် နာရီကန်တံတားဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက်က စစ်တွေမြို့နယ် နာရီကန်ကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

နာရီကန်တံတားသည် စစ်တွေမြို့နယ်အတွင်း တည်ရှိပြီး နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားဖြစ်သည်။ တံတားအရှည်ပေ ၃၀၀ ရှိပြီး ရခိုင်ပြည်နယ်အတွက် ပေ ၁၈၀နှင့် အထက် တည်ဆောက်ခဲ့သည့် ၂၉ စင်းမြောက် တံတားကြီးဖြစ်သည်။

ယခုကဲ့သို့ နာရီကန်တံတားကို တည်ဆောက်ဖွင့်လှစ် ပေးနိုင်ခြင်းသည် ရန်ကုန်-စစ်တွေလမ်းမကြီး၏ ကုန်စည်စီးဆင်းမှုနှင့် လုံခြုံချောမွေ့မှုတို့ကို ပိုမိုသွက်လက်မြန်ဆန်ရေးအတွက် အဆင့်မြှင့်တင်ပေးခြင်း ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေသယံဇာတ၊ မြေသယံဇာတ ကောင်းမွန်ကြွယ်ဝသည့် ဒေသဖြစ်သည့်အပြင် သဘာဝ ဓာတ်ငွေ့သိုက်ကြီးတစ်ခုကိုပင် တွေ့ရှိထားပြီးဖြစ်သည်။ ပြည်နယ်အတွင်း တည်ရှိပြီးဖြစ်သည့် သဘာဝသယံဇာတများကို လူ့စွမ်းပကားဖြင့် ကြိုးပမ်းမြှင့်တင်အားထုတ်ခြင်းဖြင့် နိုင်ငံတော်အတွက် စီးပွားရေးအရအားထားရသည့် ပြည်နယ်တစ်ခု ဖြစ်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ရပ်ရွာ၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍအလိုက် ဝီရိယစိုက်ထုတ်ကြိုးပမ်းကြရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလမ်းများနှင့် တံတားများကို သတ်မှတ်ချက်နှင့်အညီပြီးစီးရေး တိုးချဲ့တည်ဆောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မွေးနေ့အလှူတော်နှင့် ဂုဏပူဇာမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူဆရာတော်ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D.)၏ မွေးနေ့အလှူတော်မင်္ဂလာ၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသဇ္ဇနာဘိဝံသအား အဘိဓဇမဟာရဋ္ဌဂုရု ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ၁၃၆၅ ခုနှစ် တိပိဋကရေရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်ပန်းဆင်ခဲ့ကြသော အရှင်သူမြတ်များအား ဂုဏပူဇာမင်္ဂလာသဘင်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၆ ရက်၊ ဧပြီ၂၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် သိရီမင်္ဂလာ အနန္တဂုဏ်ရည်ငါးထပ် ကျောင်းတော်ကြီး တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် အရှေ့ ဝါယာလက်(၂)လမ်းရေကူး-ကမ္ဘာအေး ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တောင်ကြီးအေးသာယာစက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ လယ်ယာသုံးစက်ကိရိယာ ပိုမိုတိုးတက်ထုတ်လုပ်ရန် မှာကြား

ရန်ကုန် ဧပြီ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အေးသာယာစက်မှုဇုန်တာဝန်ခံ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တို့သည် တောင်ကြီးမြို့ အေးသာယာမြို့သစ် စက်မှုဇုန်သို့ ယနေ့ နံနက်ပိုင်းတွင်ရောက်ရှိပြီး စက်မှုဇုန်အစည်းအဝေးခန်းမ၌ အေးသာယာစက်မှုဇုန်မှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းမှူးက စက်မှုဇုန်အတွင်း မြေနေရာအသစ်များ ထပ်မံဖော်ထုတ်ထားပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းရှင်များကိုသာ မြေနေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှ စက်မှုလုပ်ငန်းရှင်များအား လာရောက်လုပ်ကိုင်လိုပါက နေရာချထားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးက စက်မှုဇုန်အတွင်း အခြေခံလိုအပ်သည့် သံရည်ကျိုစက်ရုံ၊ ပုံဖိပုံလောင်းစက်ရုံ၊ စက်ခုတ်စားစက်ရုံများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ကုန်တင်မော်တော်ယာဉ်ကြီးများနှင့် ဘတ်စ်ကားများ စမ်းသပ်ထုတ်လုပ်မှု အချိန်မီပြီးစီးရေး၊ ရေအားလျှပ်စစ်တာဘိုင်များ ထုတ်လုပ်တပ်ဆင်ရာတွင် ပိုမိုသွက်လက် မြန်ဆန်လာစေရေးတို့ကို ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင်စန်းက စက်မှုဇုန်မြေနေရာသစ် ထပ်မံတိုးချဲ့ဖော်ထုတ်ပြီးစီးမှု အခြေအနေကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်က စက်မှုဇုန်အတွင်း လုပ်ငန်းကော်မတီများအလိုက် အကြီးအကဲများ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စက်မှုလုပ်ငန်းရှင်များက မိမိတို့ ဆောင်ရွက်နေသည့် လုပ်ငန်းများအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက် ပေးကြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတော်အနေဖြင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနေပြီဖြစ်သဖြင့် လယ်ယာသုံးစက်ကိရိယာများကို လာမည့်နှစ်တွင် ပိုမိုတိုးတက်ထုတ်လုပ်သွားကြရန်၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် သဘာဝ မြေဩဇာ ထုတ်လုပ်မှုကိုလည်း စံချိန်စံညွှန်းမီမီ တိုးတက် ထုတ်လုပ်သွားကြရန်၊ ပြည်ပသွင်းကုန်အစားထိုး ကုန်တင်မော်တော်ယာဉ်ကြီးများနှင့် ဘတ်စ်ကားများ စမ်းသပ်ထုတ်လုပ်မှုကို အချိန်မီအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် မော်တော်ယာဉ်များကို အဆင့်ရှိရှိထုတ်လုပ်နိုင်ရေးအတွက် စက်မှုလုပ်ငန်းရှင်များအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တစုတစည်းတည်း ဆောင်ရွက်သွားကြရန်တို့ကို တိုက်တွန်းမှာကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၇။ မျိုးချစ်တပ်မတော်
၅း၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Banking (စီးပွားရေး၊ စီးပွားစီမံ၊ပြည်သူ့ရေးရာ)
၅း၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅း၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ မိုးလေဝသသတင်း
၆း၂၅	၁၄။ မြန်မာ့ရှုခင်း
၆း၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ" (အပိုင်း-၂၇) ဇာတ်သိမ်းပိုင်း**
၈း၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ အယောင်ဆောင်ချစ်သူ" (အပိုင်း-၃)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

မီးသတိပြု

ပဋ္ဌာန်းအထူးသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၉

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်ကြီး)သည် ဧပြီ ၂၁ရက်မှစ၍ (ဥပုသ်နေ့မှအပ)နေ့စဉ်ညနေ ၃နာရီမှ ညနေ ၄နာရီအထိ ဗဟန်းမြို့နယ်၊ ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီးတွင် ပဋ္ဌာန်း(ဝေဒနာတိတ် စ-ဆုံး)အထူးပဋ္ဌာန်းသင်တန်းကို ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ ရဟန်းရှင်လူမည်သူမဆို တက်ရောက်သင်ကြားနာယူနိုင်ပြီးဖုန်း-၃၇၈၄၅၇သို့ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၄-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။ ကဗျာပန်းဥယျာဉ်
၈း၀၀	၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၀	၇။ အကပြိုင်ပွဲ
၈း၂၀	၈။ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၈း၃၀	၉။ International News.
၈း၄၅	၁၀။ Grammer Made Easy.
၉း၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။ English For Everyday Use.
၄း၄၅	၄။ တေးဂီတအစီအစဉ်
၅း၀၀	၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၅	၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅း၃၀	၇။ တေးဂီတအစီအစဉ်
၅း၄၀	၈။ ခံစားနားဆင်တေးဇာတ်ဝင်
၅း၅၀	၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀	၁၀။ ညနေခင်းသတင်း
၇း၀၀	၁၁။ မိုးလေဝသအခြေအနေ
၇း၀၅	၁၂။ တေးဂီတအစီအစဉ်
၇း၁၅	၁၃။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၇း၂၅	၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၇း၄၀	၁၅။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၈း၀၀	၁၆။ ပြည်တွင်းသတင်း
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၂၄)**
	၂၀။ နောက်တစ်နေ့အစီအစဉ်
	၂၁။ အစီအစဉ်ပြီး၏။

ဗုဒ္ဓပူဇနိယပွဲနှင့် (၂၄)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၉

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဘောဂလမ်း အမှတ်(၅၄) စေတနာသမ္မာရဝတ်အသင်းကြီး ဓမ္မာရုံကြီး၌ ကိန်းဝပ်စံပယ်သော ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲနှင့် (၂၄)ကြိမ်မြောက် အသံမစဲပဋ္ဌာန်းပူဇော်ပွဲကို ဧပြီ ၂၄ ရက်မှ ၂၉ ရက်အထိ ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ပြီး မေ ၁ ရက် ညပိုင်းတွင် ဘောဂရပ်ကွက်နှင့် ဈေးကလေးရပ်ကွက်များတွင် အန္တရာယ်ကင်းပရိတ်တရားများ ရွတ်ဖတ်သရဇ္ဈာယ်၍ ဒေသစာရီ ကြွချီပူဇော်ခံမည်ဖြစ်သည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရှေးကတော့စပါးကျီ ယခုတော့ စက်မှုနယ်မြေဆီသို့ ဦးတည်

တက္ကသိုလ် တင်ခ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ ခရီးစဉ်သည် အညာမြေတစ်လွှား စက်ရုံများ တိုးပွားစည်ပင်ပြီး ကုန်ထုတ်စွမ်းအင်တိုးတက်စေချင်သော စေတနာဦးတည်ချက်တစ်ရပ်ပါဝင်ကြောင်း သိသာထင်ရှားလျက်ရှိပေသည်။

မြန်မာနိုင်ငံသည် မြေသယံဇာတ ကြွယ်ဝလှသည်။ ရေသယံဇာတလည်း ပြည့်စုံသည်။ မြန်မာ့ရေမြေသည် တူးဆွကြံဆမကုန်နိုင်သည့် သဘာဝဘဏ်တိုက်ကြီးဖြစ်သည်။ တီထွင်ကြံဆပါက သုံးမကုန်နိုင်အောင် စွမ်းဆောင်ပေးလျက်ရှိသည်။ ကြံစည်စိတ်ကူးကာမျှဖြင့် မရနိုင်၊ ကိုယ်တိုင်ကိုယ်ကျ အလုပ်လုပ်ကြဖို့သာ လိုပါသည်။ စမ်းသပ်တီထွင်ပြုပြင်ပါက သဘာဝသည် မြန်မာပြည်အတွက် လုပ်ကျွေးသမှုကျေးဇူးပြုနေမည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံ သယံဇာတ ရေမြေသဘာဝကား ကြီးမားကျယ်ပြန့်လှဘိသည်။ မြေယာဖွေ့ရှာပါက ဧက ၄၅ သန်းရှိသည်။ မြန်မာနိုင်ငံရှိ မြစ်ကြီးများနှင့် ချောင်းများမှ နှစ်စဉ်ရေစီးဆင်းမှုနှုန်းမှာ ဧကပေ သန်းပေါင်း ၈၇၆ သန်းခန့်ရှိသည်။

မြန်မာနိုင်ငံ ရေမြေသဘာဝသည် တီထွင်ကြံဆပါက ထုတ်ယူသုံးစွဲ၍ မကုန်ခန်းနိုင်အောင် စွမ်းဆောင်ဖန်တီးပေးလျက်ရှိသည်။

မြန်မာ့မြေသဘာဝသယံဇာတသည် မြန်မာ့သမိုင်းစဉ်နှင့် ယှဉ်တွဲခဲ့သည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံသည် ရှေးယခင်ကပင် မြန်မာ့ဝမ်းစာ စပါးကျီကို အခြေခံတည်ခဲ့သော အစဉ်အလာကောင်းရှိခဲ့သည်။

မြန်မာနိုင်ငံသမိုင်းတွင် အနော်ရထာဘုရင်လက်ထက်က ရှေးဦးစွာ စည်းလုံးသော ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေ။ ထက်မြက်သော နှလုံးရည်၊ လက်ရုံးရည် စွမ်းရည်တို့ရှိသည့်အပြင် နိုင်ငံတော်အတွက် ကြီးမားသော အမြော်အမြင်ရှိခြင်း၊ သူရသတ္တိနှင့်ပြည့်စုံသော စစ်သည်သူရဲကောင်းများရှိခြင်း၊ အရည်အချင်းပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင် နိုင်ငံသားများ ရှိနေခြင်းနှင့် မြစ်သား ကျောက်ဆည်လွင်ပြင်၊ ဤလယ်တွင်းခရိုင်နယ်မြေမှ ပေါများသော စပါးဆန်စသည့် ရိက္ခာသီးနှံများ လုံလောက်စွာ ရရှိနေခြင်းအကြောင်းတို့ကြောင့်ဖြစ်သည်။

ထိုအချိန်မှစ၍ အနော်ရထာဘုရင်နောက် မြန်မာထီးနန်းဖြင့် တသီးတခြား မင်းပြုစိုးစံခဲ့ကြသော မြန်မာပဒေသရာဇ်၊ ဧကရာဇ်မင်းတို့သည်လည်း ယင်းတို့၏ မင်းနေပြည်တော်ကို ဤနယ်မြေနှင့်နီးနိုင်သမျှနီးအောင် တစ်နည်းမြန်မာနိုင်ငံအလယ်ပိုင်း၏ စပါးကျီ၊ စပါးတွင်းကြီးတစ်ခုသဖွယ် စပါးဆန်ရေပေါများစွာ ထွက်ရှိခဲ့သော လယ်တွင်းကိုးခရိုင်ဒေသနှင့် လက်လှမ်းမီရာ နယ်မြေတို့တွင် အခြေချ မြို့တည်၊ နန်းတည်၍ ထီးနန်းစိုက်ခဲ့ကြပေသည်။

မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားခဲ့ကြသော ပုဂံမင်းဆက်၊ ပင်းယမင်းဆက်၊ အင်းဝမင်းဆက်၊ စစ်ကိုင်းမင်းဆက်၊ တောင်ငူမင်းဆက်နှင့် ကုန်းဘောင်မင်းဆက်တို့မှစ၍ အမရပူရနှင့် ရတနာပုံနေပြည်တော် မန္တလေးတွင် စိုးစံခဲ့ကြသော မြန်မာမင်းအဆက်ဆက်တို့သည် ဧရာဝတီမြစ်ရေပြင်ကို မျက်နှာမူလျက် အနော်ရထာဘုရင် အမြော်အမြင်ကြီးစွာ၊ အစကောင်းစွာ ဆည်များတည်ဆောက်၍ လယ်သစ်၊ နယ်သစ်များ တီထွင်ဖန်တီးခဲ့သော မြန်မာနိုင်ငံအလယ်ပိုင်း ဤလယ်တွင်း ၁၁ ရွာ၊ လယ်တွင်းကိုးခရိုင် နယ်မြေကို ကျောထောက်နောက်ခံပြုကာ နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြသည်ကို တွေ့ရပေသည်။

ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံကို တွေ့ရစဉ်။

ကျောက်ဆည်နယ်မြေသည် နိုင်ငံတော်၏ စပါးကျီ၊ ရွှေပြည်တော်၏ ဝမ်းဗိုက်သာမဟုတ်သေး။ နိုင်ငံအရေးကိုချုပ်ကိုင်နိုင်သည့် အရေးကြီးသော ဌာနတစ်ခုလည်းဖြစ်ပေသည်။ ယင်းအကြောင်းနှင့်ပတ်သက်၍ ဒေါက်တာကျော်သက်၏ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း ပုဂံခေတ်လူမှုရေးနှင့် စီးပွားရေးအခန်းတွင် ဤသို့ ဖော်ပြထားလေသည်-

ပုဂံနှင့်အင်းဝမြို့ ပတ်ဝန်းကျင်တစ်ဝိုက်သည် မင်းစိုးစံသော ဗဟိုဒေသများဖြစ်၍ အရေးပါခဲ့သော်လည်း စင်စစ်အားဖြင့် ထိုဒေသများသည် ဆည်မြောင်းများနှင့် စိုက်ပျိုးသည့် ကျောက်ဆည်နယ်ကဲ့သို့သော ဒေသများကို အမှီကအားထား၍ နေကြရလေသည်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ နွားလည်ကောက်တောင်ခြေအနီးတွင် တည်ဆောက်ပြီးစီးသွားသည့် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။

ဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံသမိုင်းစတင်ခဲ့သည်မှာ စီးပွားရေးဘဝနှင့် ပြည်သူတို့ စားသုံးမှုဖူလုံစေရေးတွင် စပါးကျီတစ်ခုအဖြစ် မြစ်သား၊ ကျောက်ဆည်နယ်သည် စည်ပင်ဖွံ့ဖြိုးခဲ့ပါသည်။

ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်ခေတ်အဆက်ဆက်တွင်လည်း ပြည့်ရှင်မင်းများက လယ်တွင်းကိုးခရိုင်တို့ကို အခြေပြုလျက် လူမှုစီးပွားရေးဘဝခိုင်မာအောင်တည်ဆောက်ခြင်း၊ ပျိုးထောင်ခြင်းပြုခဲ့ကြပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်က မန္တလေးတိုင်း ကျောက်ဆည်မြို့ အရှေ့ဘက်ခြမ်း ခြောက်မိုင်ခန့်အကွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုနယ်မြေသို့ လည်းကောင်း၊ ကျောက်ဆည်မြို့ အရှေ့ဘက် ရှစ်မိုင်အကွာ နွားလည်ကောက် ထုံးကျောက်တောင်အနီး တည်ဆောက်လျက်ရှိသည့် ဆင်မင်းဘိလပ်မြေစက်ရုံစီမံကိန်းသို့လည်းကောင်း၊ ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံအမှတ်(၂)သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ အမှတ်(၂) ရှင်းလင်းဆောင်၌ လမ်းညွှန်မှာကြားရာတွင် ဤသို့ ထည့်သွင်းမှာကြားခဲ့ပေသည်။

“ယခု အင်းကုန်းလယ်ယာသုံးစက်ကိရိယာ စက်ရုံစီမံကိန်းသည် အထက်မြန်မာပြည်အခြေစိုက် လယ်ယာအခြေခံစက်မှုလုပ်ငန်း (Agrobased Industry) ဖြစ်ကြောင်း၊ လက်ရှိထုတ်လုပ်နေသော စက်ပစ္စည်းအစိတ်အပိုင်းများသာမက အခြားလယ်ယာသုံးစက်ပစ္စည်းများကိုလည်း ထုတ်လုပ်သွားနိုင်ရမှာဖြစ်ကြောင်း၊ မိမိတို့ တီထွင်ထုတ်လုပ်သော စက်ပစ္စည်းများသည် သုံးစွဲသူစိတ်ကြိုက်ဖြစ်ရန် အရေးကြီးကြောင်း၊ အရည်အသွေးကောင်းပြီး နိုင်ငံတကာအဆင့်မီရမှာဖြစ်ကြောင်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းအဆင့်မှ နောင်တစ်ချိန်တွင် ပို့ကုန်စက်မှုလုပ်ငန်းအထိ တက်လှမ်းနိုင်အောင် ရည်မှန်းထားရမှာဖြစ်ကြောင်း”

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျောက်ဆည်စက်မှုနယ်မြေတွင် ပလတ်စတစ်စက်ရုံစီမံကိန်း၊ အဆင့်မြင့် မီးခံအုတ်စက်ရုံစီမံကိန်း၊ စက်ဘီးစက်ရုံစီမံကိန်း၊ အပ်ချုပ်စက်ရုံစီမံကိန်း၊ ဖိနပ်စက်ရုံစီမံကိန်း၊ စွပ်ကျယ်စက်ရုံစီမံကိန်း၊ သကြားလုံးစက်ရုံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ စောင်စက်ရုံ စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရပေသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➢

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

ကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့ကို တိုက်ခိုက်လျှင် မီးကုန် ယမ်းကုန် ခုခံတိုက်ခိုက်မည်ဟု ရှီးယိုက် အမာခံများက ပြောကြား

ဘဂ္ဂဒက် ဧပြီ ၁၈

အမေရိကန်တပ်ဖွဲ့ဝင်များက နာဂျက်ဖ်မြို့ကိုတိုက်ခိုက်လာပါက မီးကုန်ယမ်းကုန် တွန်းလှန်မှုပေါ်ပေါက်လာမည်ဖြစ်ကြောင်း အယ်လ်ဆာဒါးအား အမာခံထောက်ခံသူများက သောကြာနေ့တွင် သန္နိဋ္ဌာန်ပြုကြသည်။ အီရတ်နိုင်ငံမှ ရှီးယိုက်များက ၎င်းတို့၏ ခေါင်းဆောင်များအား အလွယ်တကူအဆုံးရှုံးခံမည်မဟုတ်ကြောင်း ဆက်လက် ပြောကြားသည်။

တပ်ဖွဲ့ဝင် ၂၅၀၀ရှိသည့် အမေရိကန်တပ်ဖွဲ့သည် ဘာသာရေးခေါင်းဆောင်အား သတ်ဖြတ်ရန် သို့တည်းမဟုတ် ဖမ်းဆီးရန်အတွက် နာဂျက်ဖ်မြို့အနီးတွင် တပ်ချထားသည်။

သို့ရာတွင် ၎င်းတပ်ဖွဲ့က ယင်းမြို့အား တိုက်ခိုက်ခြင်းမရှိပေ။

ခေါင်းဆောင် ဆာဒါးက ၎င်း၏ အရပ်ဘက် လက်နက်ကိုင်တပ်ဖွဲ့အား ဖျက်သိမ်းခြင်းမပြုရန် သန္နိဋ္ဌာန်ပြုပြီးနောက် ငြိမ်းချမ်းစွာ စေ့စပ်ဆွေးနွေးနိုင်မည့် အခွင့်အလမ်းများသည် မှေးမှိန်လျက်ရှိသည်။

ပန်ကြား

အမေရိကန် နိုင်ငံသားများအနေဖြင့် နာဂျက်ဖ်အား မတိုက်ခိုက်ရန် မိမိတို့ ပန်ကြားကြောင်း၊ သို့မဟုတ်ပါက သွေးပင်လယ် ဝေသွားနိုင်ကြောင်းဖြင့် ရိုက်နက်ဆာအယ်လ်ဆေဒီက ထောင်ပေါင်းများစွာသော ဆာဒါးထောက်ခံသူများအား ပြောကြားလိုက်သည်။

ဆက်ဒါမြို့၏ အခြေအနေသည် အာခံမှုစိတ်ဓာတ်နှင့် တင်းမာလျက်ရှိသည်။ အယ်လ်ဆာဒါးအား ထောက်ခံသည့် ဟစ်ကြွေးသံများ လူအုပ်ကြီးထံမှ မိုးချုန်းသံအလား ပေါ်ပေါက်လျက်ရှိသည်။

အောင်ပန်းဆင်မည်

အယ်လ်ဆာဒါး သေဆုံးသွားသည့်တိုင် ရန်သူတပ်ဖွဲ့များအပေါ် အောင်ပန်းဆင်နိုင်မည် ဖြစ်ကြောင်း ဆေဒီက ပြောကြားသည်။

ဖျက်ဆီး

မိမိတို့က အမေရိကန်တို့၏အိပ်မက်ကို ဖျက်ဆီးလိုက်ပြီဖြစ်ကြောင်း၊ အမေရိကန်တို့အနေဖြင့် အီရတ်နိုင်ငံအား မအုပ်စိုးနိုင်ကြောင်း၊ အမေရိကန်တို့သည် အာဇာနည်ဆိုသည့် အဓိပ္ပာယ်ကို နားမလည်ကြကြောင်း ဆေဒီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီသုံးဦးကို အသက်ချမ်းသာပေးရန် မိသားစုဝင်များက မေတ္တာရပ်

ရောမ ဧပြီ ၁၈

အီရတ်တွင် ဓားစာခံများအဖြစ် ဖမ်းဆီးခံရသည့် အီတလီလုံခြုံရေး အစောင့်တပ်သား သုံးဦး၏ မိသားစုတို့က အသက်ချမ်းသာပေးကြရန် ပြန်ပေးဆွဲသူများအား မေတ္တာရပ်ခံလိုက်သည်။

အဆိုပါ သုံးဦးစလုံးသည် နိုင်ငံရေးနှင့်မပတ်သက်ဘဲ အလုပ်လုပ်ရန်အတွက်သာ အီရတ်သို့ သွားရောက်ကြခြင်း ဖြစ်ကြောင်း အဖမ်းခံရသူတစ်ဦး၏ ညီမက အယ်ဂျာဇီရာသို့ ရှင်းပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ဆိုင်ရာ အမေရိကန်မူဝါဒ ဂျပန်နိုင်ငံသားများ ဆန့်ကျင်

တိုကျို ဧပြီ ၁၈

ဂျပန်နိုင်ငံသားအများစုသည် မကြာသေးမီကဖြစ်ပွားသည့် ဓားစာခံအကျပ်အတည်းအား ဂျပန်အစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှုကို ထောက်ခံကြသော်လည်း အီရတ်ဆိုင်ရာ အမေရိကန်၏မူဝါဒကိုမူ ဆန့်ကျင်ကြကြောင်း ဂျပန်ထိပ်တန်း သတင်းစာကြီးတစ်စောင်ဖြစ်သည့် အဆာဟိရှင်ဘွန်းက စနေနေ့တွင် ဖော်ပြသည်။

သောကြာနေ့က ပြုလုပ်သည့် လေ့လာဆန်းစစ်ချက်အရ ၆၄ ရာခိုင်နှုန်းက ဂျပန်ဓားစာခံသုံးဦး ပြန်လည်လွတ်မြောက်ရေးအတွက် ဂျပန်အစိုးရ၏ အားထုတ်မှုများကို ကျေနပ်အားရဖြစ်မိကြသည်။ ၇၃ ရာခိုင်နှုန်းက အီရတ်နိုင်ငံမှ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းမှု မပြုရန် ဆုံးဖြတ်ချက်ကို ထောက်ခံကြကာ ၁၆ ရာခိုင်နှုန်းကမူ ယင်းရပ်တည်ချက်ကို ဝေဖန်ကန့်ကွက်ကြသည်။

အီရတ် ပြန်ပေးသမားများသည် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးအတွက် အီရတ်နိုင်ငံမှ ဂျပန်တပ်ဖွဲ့ဝင် ၅၀၀ ကို ရုပ်သိမ်းရန် ဂျပန်နိုင်ငံကို တောင်းဆိုသော်လည်း တောင်းဆိုချက်များကို မဖြည့်ဆည်းရဘဲ အဆိုပါဓားစာခံများကို ကြာသပတေးနေ့က ပြန်လည်လွှတ်ပေးခဲ့သည်။

ယခုကောက်ခံသည့် လေ့လာဆန်းစစ်ချက်အရ ဂျပန်ဝန်ကြီးချုပ်ကိုအိဇူမိအနေဖြင့် ၎င်း၏ သဘောထားတင်းမာသည့်မူဝါဒကို ဆက်လက်အကောင်အထည်ဖော်ရန် အထောက်အကူရစေနိုင်မည်ဖြစ်သည်။

အီရတ်အရေးနှင့် ပတ်သက်သည့် အမေရိကန်မူဝါဒကို ဆန့်ကျင်သည့်ဦးရေမှာ ၇၁ ရာခိုင်နှုန်းရှိပြီး အမေရိကန်မူဝါဒကို ထောက်ခံသူဦးရေမှာ ဇန်နဝါရီလက ၂၁ ရာခိုင်နှုန်းရှိခဲ့ရာမှ အကြီးအကျယ်ကျဆင်းကာ ၁၂ ရာခိုင်နှုန်းသာရှိကြောင်း သတင်းစာကဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပျက်စီး

အီရတ်နိုင်ငံ ဖော်လူဂျာမြို့သို့ အဝင် အဝေးပြေးလမ်းမပေါ်တွင် မြင်မကောင်းအောင် ပျက်စီးနေသည့် အမေရိကန် ဟမ်းဗီးစစ်ကား တစ်စီးကို ဧပြီလ ၁၂ရက်နေ့က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်မှ အလုပ်သမား ၁၁၇ ဦးကို ရုရှားပြန်လည်ခေါ်ယူ

မော်စကို ဧပြီ ၁၈

အီရတ်နိုင်ငံအတွင်း လုပ်ကိုင်နေသည့် ကုမ္ပဏီအလုပ်သမား ၁၁၇ ဦးကို သယ်ဆောင်လာသည့် ရုရှားလေယာဉ်သည် မော်စကိုမြို့သို့ သောကြာနေ့ညနေက ပြန်လည်ဆိုက်ရောက်လာသည်။ ဘဂ္ဂဒက်မြို့တော်၌ ပြန်ပေးဆွဲမှုများပေါ်ပေါက်ပြီးနောက် နှစ်ရက်ကြာ နေရပ်ပြန်ခေါ်ရေး ရုရှားတို့၏အစီအစဉ်မှာ ပြီးဆုံးသွားပြီဖြစ်သည်။

ရုရှားအရေးပေါ်အခြေအနေရေးရာ ဝန်ကြီးဌာနပိုင် အဆိုပါလေယာဉ်သည် အီရတ်တွင် ကြာသပတေးနေ့က ဒဏ်ရာရသူတစ်ဦး၊ ဆေးဝါးကုသမှုခံယူရန်လိုအပ်သည့်သူနှစ်ဦး အပါအဝင် ရုရှား ၁၀၀ နှင့် ယူကရိန်း ၁၇ ဦးတို့ကို ရုရှားသို့ ပြန်လည်ခေါ်ယူလာခြင်းဖြစ်ကြောင်း အီတာတာ့စ်သတင်းဌာနက ကြေညာသည်။

ရုရှားနိုင်ငံသား ဆာဂျီဘာရာဇီကော့ဗ်မှာ အီရတ်တွင် သူ့ခန္ဓာကိုယ်မှ ကျည်ဆန်ကို ခွဲထုတ်ယူပြီးသူဖြစ်ပြီး ကျန်းမာရေးအခြေအနေ စိုးရိမ်ဖွယ်မရှိဟု သိရသည်။ အီရတ်၌ အခြေအနေပိုမိုဆိုးရွားလာလျှင် ရုရှားနိုင်ငံက နေရပ်ပြန်နိုင်ရေးအတွက် လေယာဉ်ခရီးစဉ်များ ထပ်မံစီစဉ်ပေးဦးမည်ဟုဆိုသည်။

အင်တာနက်။

ဧပြီ ၁၈ ရက်က အီရတ်နိုင်ငံ ယူဖရေးတီး မြစ်ဖြတ်တံတားပေါ်တွင် ကင်းလှည့် စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်ဝန်ကြီးချုပ် နေအိမ်အပြင်ဘက် အီရတ်စစ်ဆန့်ကျင်ရေးသမားများ ဆန္ဒပြကန့်ကွက်

လန်ဒန် ဧပြီ ၁၈

လန်ဒန်မြို့ ဒေါင်းနင်းလမ်းရှိ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ နေအိမ်အပြင်ဘက်တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြသူ ၂၀၀ တို့ စုရုံးရောက်ရှိလာကြပြီး အီရတ်သိမ်းပိုက်ထားမှု "ရုပ်သိမ်းပေး၊ ရုပ်သိမ်းပေး"ဟု ကြွေးကြော် ဆန္ဒပြကြစဉ်။ အီရတ်သည် အီရတ် ပြည်သူများအတွက်သာ ဖြစ်သည်ဟူသော ဆိုင်းဘုတ်ကြီးကိုလည်း ဆန္ဒပြသမားများက ထောင်ထားသည်။

ချက်ချင်းရုပ်သိမ်းပေး

အီရတ်မှ နိုင်ငံခြားတပ်အားလုံး ချက်ချင်းရုပ်သိမ်းပေးရန် မိမိတို့ တောင်းဆိုကြောင်းဖြင့်လည်း စည်းရုံးရေးမှူးတစ်ဦးဖြစ်သူ အင်ဒရူးဘာဂင်က ရိုက်တာသို့ ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်ဓားစာခံနှစ်ဦး ဘဂ္ဂဒက်မြို့တွင် ပြန်လည်လွတ်မြောက်

ဘဂ္ဂဒက် ဧပြီ ၁၈

ဂျပန်ဓားစာခံနှစ်ဦးသည် အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်တွင် စနေနေ့က လွတ်မြောက်လာခဲ့ပြီဖြစ်သည်။ ၎င်းတို့ထိန်းသိမ်းခံခဲ့ရသည့် သုံးရက်အတွင်း အိမ်တစ်အိမ်မှ အခြားတစ်အိမ်သို့ ၎င်းတို့အား ရွှေ့ပြောင်းခံခဲ့ရကြောင်း၊ သို့ရာတွင် ကောင်းကောင်းမွန်မွန် ဆက်ဆံကြောင်းဖြင့် အဆိုပါဂျပန်ဓားစာခံတို့က ပြောကြားသည်။

လွှဲပြောင်းပေး

၎င်းဓားစာခံနှစ်ဦးသည် ဂျမ်ပေယာဆူဒါနှင့် နိုဘူတကာဝါတာနဘီတို့ဖြစ်ကြပြီး မှတ်ဆိတ်ကြင်စွယ်များ မရိတ်ကြဘဲ ပင်ပန်းနွမ်းလျနေသည့်အသွင် ဆောင်လျက်ရှိသည်။ ၎င်းတို့အား ဘဂ္ဂဒက်မြို့တော် အယ်လ်ကျူရာဗလီရှိ ဂျပန်သံတမန်များထံသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ယာဆူဒါသည် အသက် ၃၀ ရှိပြီး အလွတ်သတင်းစာဆရာဖြစ်ကာ အသက် ၃၆ နှစ်အရွယ်ရှိ ဝါတာနဘီသည် ဂျပန်စစ်ပြန် အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည်။ ၎င်းတို့အား ဘဂ္ဂဒက်အနောက်ပိုင်းဒေသတွင် ဓားစာခံအဖြစ် ဗုဒ္ဓဟူးနေ့က ဖမ်းဆီးခဲ့ပြီးနောက် ကောင်းမွန်စွာ တလေးတစား ဆက်ဆံခဲ့ကြကြောင်း ၎င်းတို့က ပြောကြားကြသည်။

မိမိတို့အား နေ့စဉ် အစားအသောက်ကောင်းများ ကျွေးကြောင်း၊ မိမိတို့အား ထိန်းသိမ်းထားသည့်နေရာကို မိမိတို့မသိရှိကြောင်း၊ မိမိတို့သည် အဘူဂါရိတ်တစ်ဝိုက်တွင် အဖမ်းခံခဲ့ရပြီး မျက်စိအား အဝတ်ဖြင့်စည်းထားခံခဲ့ရကာ တစ်အိမ်မှတစ်အိမ်သို့ နေ့စဉ်ပြောင်းရွှေ့ခံခဲ့ရကြောင်း ယာဆူဒါက ပြောကြားသည်။

မိမိတို့အား ယနေ့နံနက်ပိုင်းတွင် လွှတ်လိုက်ကြောင်း၊ မိမိတို့ပျော်ရွှင်ကြပြီး လူတိုင်းအား ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားသည်။ တိုကျိုရှိ ဂျပန်သံရုံးက ယင်းဂျပန်နှစ်ဦး၏ လွတ်မြောက်လာမှုကို အတည်ပြုပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာသတင်းများ

ကန်နှင့် အပေါင်းပါများသည် အီရတ်ကိစ္စကို စစ်ရေးအရ မဖြေရှင်းဘဲ နိုင်ငံရေးအရ ဖြေရှင်းသင့်ဟု အင်ဒိုနီးရှား တိုက်တွန်း

ဂျကာတာ ဧပြီ ၁၈

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် ပြဿနာများကို စစ်ရေးနည်းလမ်းများဖြင့် ချဉ်းကပ်ဖြေရှင်းနေသော လုပ်နည်းလုပ်ဟန်ကို ချက်ချင်းရပ်ဆိုင်းပေးရန် အင်ဒိုနီးရှားနိုင်ငံက တောင်းဆိုလိုက်သည်။ မကြာမီက အီရတ်တွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံသား ၇၀၀ ကျော်နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၈၃ ဦးတို့ ဆုံးရှုံးခဲ့ကြရပြီးဖြစ်သည်။

အီရတ်နိုင်ငံတွင် ရောက်နေကြသော အပေါင်းပါတပ်ဖွဲ့များသည် ပြဿနာများကို အင်အားအသုံးပြု၍ ဖြေရှင်းနေကြမည့်အစား နိုင်ငံရေးနည်းလမ်းအားဖြင့် ဖြေရှင်းသင့်သည်ဟု မိမိတို့ယုံကြည်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောဆိုကြောင်း မာတီအေနာတာလီဂါဝါကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းစာက ဖော်ပြလိုက်သည်။

အမေရိကန်သမ္မတဘုရှ်က ပြီးခဲ့သော အင်္ဂါနေ့က အီရတ်တွင် ဖြစ်ပေါ်နေသည့် အကျပ်အတည်းများကို ဖြေရှင်းရန် တပ်ဖွဲ့ဝင်အင်အား ထပ်မံလိုအပ်လျှင် မိမိအနေဖြင့် ပို့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတဘုရှ်၏ အင်္ဂါနေ့က ပြောကြားခဲ့သော စကားကို တုံ့ပြန်သောအားဖြင့် အထက်ပါစကားကို အင်ဒိုနီးရှား နိုင်ငံခြားရေးဌာနက ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်တို့က အီရတ်တို့လက်သို့ ဇွန်လ ၃၀ ရက်တွင် အာဏာပြန်လည် လွှဲပြောင်းပေးမည်ဆိုသော အချက်ကို မိမိတို့ ယုံကြည်သည်။ ထို့အပြင် အာဏာလွှဲပြောင်းရေးကိစ္စနှင့် လာမည့်နှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲကျင်းပရေး ကိစ္စနှစ်ရပ်တို့ကို ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့၏ ကြီးကြပ်မှုအောက်မှ ဆောင်ရွက်သွားမည်ဆိုသော အချက်များကိုလည်း လက်ခံကြိုဆိုပါကြောင်း ပြောရေးဆိုခွင့်ရှိသူ ၎င်းက တစ်ဆက်တည်း ပြောကြားခဲ့သည်။

၎င်းအပြင် အမေရိကန် အစိုးရက ပြီးခဲ့သော နှစ်အတွင်းက အီရတ်ကို ဝင်ရောက်သိမ်းပိုက် တိုက်ခိုက်သောကိစ္စမှာ မှားယွင်းကြောင်း ဝေဖန်လိုက်ပြီး ထိုလုပ်ရပ်ကြောင့် သဘောထား တင်းမာသူများ၏ ဆန့်ကျင်လိုမှုသဘောထားကို ပို၍ဆိုးရွားလာအောင် မီးထိုးပေးလိုက်သော လုပ်ရပ်သာဖြစ်သည်ဟု ၎င်းက ပြစ်တင်စကား ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံရောက် ဖိလစ်ပိုင်နိုင်ငံသားများ ဘေးကင်းသည်ကို မြင်တွေ့လိုကြောင်း အာရိုယို ပြောကြား

မနီလာ ဧပြီ ၁၈

အီရတ်နိုင်ငံရောက် ဖိလစ်ပိုင်နိုင်ငံသားများအတွက် အန္တရာယ်မရှိဘဲ ဘေးကင်းနေသည်ကို မိမိ တွေ့မြင်လိုကြောင်းဖြင့် ဖိလစ်ပိုင်နိုင်ငံ သမ္မတ ဂလိုရီယာမာကာပါဂဲလ်အာရိုယိုက ပြီးခဲ့သော သောကြာနေ့တွင် ပြောကြားခဲ့သည်။ ထိုစကားပြောကြားချိန်နှင့် အီရတ်အခြေအနေများမှာ မတည်ငြိမ်ဖြစ်ချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

မိမိတို့အနေဖြင့် အီရတ်ရောက် ဖိလစ်ပိုင်အရပ်သားများနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းသူများအတွက် တစ်စုံတစ်ရာ အထိအခိုက် အပျောက်အဆုံးမရှိသည်ကို လိုလားပါသည်။ ထိုသို့မဖြစ်စေရန်လည်း အစိုးရအေဂျင်စီများအားလုံးနှင့် ပြည်သူများအနေဖြင့် အားပေးဆောင်ရွက်သွားသင့်ပါသည်ဟု ဖိလစ်ပိုင်သမ္မတက ပြောကြားသွားသည်။

မိမိနိုင်ငံအနေဖြင့် ကတိကဝတ်ရှိထားသည်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်သွားမည့်အပြင် အီရတ်ရောက် ဖိလစ်ပိုင်နိုင်ငံသားများ၏ လုံခြုံရေးအတွက်လည်း စိတ်ချရအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသား ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များနှင့် လူသားချင်းစာနာသော အကူအညီပေးရေး အဖွဲ့ဝင်များ၏ သတ္တိကို ချီးကျူးလိုက်ပါကြောင်း သမ္မတကဆိုသည်။ ထို့အပြင် ဖိလစ်ပိုင်တပ်ဖွဲ့များအနေဖြင့် မိမိတို့စခန်းများအတွင်း၌သာ နေထိုင်ကြပြီး အကူအညီပေးရေးအဖွဲ့သား ဖိလစ်ပိုင်များအနေဖြင့်လည်း လုပ်လက်စ လုပ်ငန်းများကို ရပ်ဆိုင်းထားကြရန် သမ္မတက ညွှန်ကြားလိုက်သည်။

အီရတ်တွင် ယခင်က ဖိလစ်ပိုင်နိုင်ငံသား ၉၆ ဦး ရှိနေရာမှ ယခုအခါ တပ်ဖွဲ့ဝင် ၄၃ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ရှစ်ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အီရတ်ရောက် နိုင်ငံခြားသား အများအပြားကို ခုခံတိုက်ခိုက်ရေးသမားများ၏ အဖမ်းအဆီး ခံကြရသည့်အထဲတွင် ဖိလစ်ပိုင်နိုင်ငံသား ယာဉ်မောင်းတစ်ဦး ပါဝင်ခဲ့သော်လည်း ယခုအခါ ၎င်းမှာ ပြန်လည်လွတ်လာပြီ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဧပြီလ ၁၈ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ ယူဖရေးတီးမြစ်ဖြတ်တံတားအနီး လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆီးရီးယားနယ်စပ်တွင် ကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွား ကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၁၈

အီရတ်ခုခံရေးသမားများသည် တနင်္ဂနွေနေ့က ဆီးရီးယားနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော ဒေသတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ကြသည်။ ထိုတိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားပြီး အီရတ်လူမျိုး အနည်းဆုံး ၁၀ ဦး အသက်ဆုံးရှုံးခဲ့ကြရကြောင်း သတင်းများက ဆိုသည်။ သေဆုံးသွားသူများထဲတွင် ဒေသခံ ရဲဌာနအကြီးအကဲလည်း ပါဝင်ကြောင်း သိရသည်။

ယခုတိုက်ပွဲဖြစ်ပွားရာ နေရာသည် ဆီးရီးယားနယ်စပ်အနီးရှိ ဟူဆေးဘဒ်မြို့တွင်ဖြစ်သည်။ ထိုမြို့၌ ဖြစ်ပွားသော တိုက်ခိုက်မှုသည် ဖော်လူဂျာမြို့နှင့် ရာမာဒီမြို့များတွင် ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရကြောင်း သတင်းများက ဆိုသည်။

စနေနေ့က အမေရိကန်မရိန်းတပ်ဖွဲ့များကို အီရတ်ခုခံရေးသမား ရာပေါင်းများစွာတို့က ချုံခိုတိုက်ခိုက်ခဲ့ကြရာ တိုက်ပွဲမှာ အချိန် ၁၄ နာရီမျှ ကြာညောင်းခဲ့ပြီး နောက်တစ်နေ့ တနင်္ဂနွေနေ့တိုင်အောင် ဆက်လက်ဖြစ်ပွားခဲ့ကြသည်။

ထိုတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး သေဆုံးသွားပြီး နောက်ထပ် ကိုးဦးတို့ ဒဏ်ရာရရှိသွားကြကြောင်း အခင်းဖြစ်ပွားရာနေရာ၌ ရှိနေသော စိန့်လူးဝစ်သတင်းစာသတင်းထောက်က သတင်းပေးသည်။

အီရတ်များဘက်မှလည်း ခုခံတိုက်ခိုက်ရေးသမားများနှင့် အီရတ်အရပ်သား စုစုပေါင်း ၁၀ ဦးသေဆုံးသွားပြီး ၃၀ ဦး ဒဏ်ရာရှိသွားသည်ဟု ကွမ်ဆေးရုံမှ ဆရာဝန် အာမက် အလ်အလိုစီက ပြောကြားသည်။ ကွမ်အရပ်သည် ဘဂ္ဂဒက်မြို့၏ အနောက်ဘက် မိုင် ၂၄၀ အကွာတွင် တည်ရှိသည်။

အချို့သော အီရတ်များမှာ နေအိမ်အနောက်ဘက်ရှိ ရေအိမ်သို့ အပေါ့အပါးသွားရန် အထွက်တွင် အမေရိကန် လက်ဖြောင့်တပ်သားများ၏ ပစ်ခတ်မှုကို ခံကြရခြင်းဖြစ်ကြောင်း ဆရာဝန်က ပြောပြသည်ဟု အယ်လ်အာရေးဗီးရား ရုပ်မြင်သံကြားက ဆိုသည်။

ဟူဆေဘဒ်မြို့ ရဲတပ်ဖွဲ့၏ ညွှန်ကြားရေးမှူး အိုင်မဒ်အလ်မာလာဝီမှာ အမေရိကန် လက်ဖြောင့်တပ်သားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ၎င်း၏ ဝမ်းကွဲညီအစ်ကိုတော်သူ အဒယ်လ်အီဇီဒင်က ပြောပြသည်ဟု အယ်လ်အာရေးဗီးရား ရုပ်သံက ဆက်လက်ဖော်ပြသည်။

ယခုတိုက်ခိုက်မှုတွင် ဖော်လူဂျာနှင့် ရာမာဒီမြို့များမှ အီရတ်ခုခံရေးသမား ပေါင်း ၃၀၀ နီးပါးမျှ ပါရှိကြောင်း အမေရိကန်မရိန်းတပ်ဖွဲ့ ထောက်လှမ်းရေးသတင်းများက ဆိုသည်။ တိုက်ပွဲအစတွင် ချုံခိုတိုက်ခိုက်သူများက လမ်းဘေးထောင်ဗုံးကို ဖောက်ခွဲလိုက်ကြခြင်းဖြင့် မရိန်းများကို စစ်စခန်းအတွင်းမှ ထွက်လာအောင် လုပ်လိုက်ကြသည်။ ထိုနောက်တွင်မှ စိန်ပြောင်း ၂၄ချက်ပစ်ခတ်ကာ တိုက်ခိုက်ကြခြင်းဖြစ်သည်ဟု စိန့်လူးဝစ်ပို့စ် သတင်းထောက်က သတင်းပေးသည်။

အမေရိကန် မရိန်းတပ်ဖွဲ့များက ဆွန်နီတိုက်ခိုက်ရေးသမားများရှိသော ဖော်လူဂျာမြို့ကို ဝိုင်းပတ်ပိတ်ဆို့ထားကြပြီး စစ်ဆင်လျက်ရှိကြသည်။ ထိုမြို့သည် မြို့တော်၏ အနောက်ဘက် ၃၅ မိုင်အကွာတွင် တည်ရှိသည်။ ဖော်လူဂျာမြို့နှင့် မလှမ်းမကမ်းရှိ ရာမာဒီမြို့၌လည်း ပြောက်ကျားတိုက်ခိုက်ရေးသမားများက လှုပ်ရှားလျက်ရှိကြသည်။ ရာမာဒီတွင် ဧပြီ ၆ ရက်က ဖြစ်ပွားသော ချုံခိုတိုက်ပွဲကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးခဲ့ရသေးကြောင်း သတင်းများက ဆိုသည်။

အင်တာနက်။

ကန်တပ်ဖွဲ့ဝင် ၁၁ ဦး ထပ်မံသေဆုံး အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၇၀၀ ရှိပြီ

ဘဂ္ဂဒက် ဧပြီ ၁၉

အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေတွင် နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင် ၁၁ဦး ထည့်လိုက်ကြောင်းဖြင့် အီရတ်စစ်ပွဲ စတင်ချိန်မှစ၍ တနင်္ဂနွေနေ့အထိ သေဆုံးရသည့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၇၀၀ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းတို့အနက် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၄ဦးမှာ တိုက်ပွဲတွင်သေဆုံးရခြင်းဖြစ်သည်။ နောက်ထပ်စာရင်းသွင်းလိုက်သော အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ ၁၁ယောက်တွင် ဆီးရီးယားနယ်စပ်အနီး ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားစဉ် သေဆုံးသွားသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ငါးဦးပါဝင်သည်။ အီရတ်နှင့် ဆီးရီးယားနယ်စပ် ဟူဆာဘာမြို့အနီး ကင်းလှည့်အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များအား အီရတ်ခုခံတွန်းလှန်ရေးအင်အားစုတို့က စက်သေနတ်နှင့် ဒုံးပစ်လောင်ချာများဖြင့် စနေနေ့က တိုက်ခိုက်သည့်အတွက် မရိန်းတပ်ဖွဲ့ဝင်များ သေဆုံးရခြင်းဖြစ်သည်။

ထို့ပြင် အီရတ်နိုင်ငံတောင်ပိုင်း ဒီဝါနီယာမြို့အနီးတွင် အမှတ်(၁) သံချပ်ကာတပ်မမှ ကားတန်းကို စနေနေ့က တိုက်ခိုက်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသည်။ ဘဂ္ဂဒက်မြို့အနောက်ဖက်၌ စနေနေ့က ဖြစ်ပွားသော တိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသည်။ ထို့ပြင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး တနင်္ဂနွေနေ့က သေဆုံးရခြင်းဖြစ်သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ၁၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ အမေရိကန် စခန်းတစ်ခုပေါ်တွင် ချင်နွတ် ရဟတ်ယာဉ်တစ်စင်းပေါ်မှ စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျူးကျော်စစ်ပွဲ၏ ဆိုးကျိုးများ အီရတ်အပြစ်မဲ့ကလေးငယ်များ ခံစားနေရ

ဖြစ်ရပ်စုံလင်အမှန်မြင် ဆင်ခြင်သုံးသပ်သတိချပ်

ခွဲစိတ်ကုသ

ဖေဖော်ဝါရီ ၁၃ ရက်က ဆာမာဝါမြို့၏မြောက်ဘက် ရှမေသာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရသွားသူ အီရတ်ကလေးငယ်တစ်ဦးကို ခွဲစိတ်ကုသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဧပြီ ၁၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် လက်မောင်းတွင် သေနတ်ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦးကို ဘဂ္ဂဒက်မြို့ရှိ ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂၈ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဒုံးကျည်ထိမှန်ခံရသော နေအိမ်တစ်လုံးအတွင်း အပျက်အစီးအပိုင်းအစများကို ကလေးငယ်တစ်ဦးက ရှင်းလင်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၁ရက်က အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦး မြို့တော်ဘဂ္ဂဒက်ရှိ ဗဟိုကလေးဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေစဉ်။

အီရတ်ကျူးကျော်စစ်ပွဲ၏ ဘေးဒဏ်ကို ခံစားရသူ အသက်ခြောက်နှစ်အရွယ်ရှိ ကျောင်းသားလေး ဝါလစ်ဆာမီရာ၏ပုံကို ဧပြီ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၆ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကျောင်းဝင်းအတွင်း ဗုံးပေါက်ကွဲရာနေရာကို ကြည့်ရှုနေသည့် အီရတ်ကလေးငယ် တစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၁ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့က ပစ်ခတ်သည့် ဒုံးကျည်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အသက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်ပြည်တစ်ခွင်အေးချမ်းပျော်ရွှင်နေသော ရင်သွေးငယ်များ

အနာဂတ်ကာလနိုင်ငံတော်အတွက် အားထားရမည့်လူ့စွမ်းအား

မူလတန်းကြိုကျောင်း အမှတ်(၄)အလုံမှ သမီးငယ်လေးများ မြန်မာ့အတာသင်္ကြန်တွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ၍ ယိမ်းအကများဖြင့် ဖျော်ဖြေခဲ့စဉ်။

၂၀၀၃-၂၀၀၄ခုနှစ် ပညာရေးစုံညီပွဲတော်ကို ကျင်းပရာ စိန်ရတုခန်းမ တတိယထပ်တွင် အခြေခံပညာ ကျောင်းသား၊ကျောင်းသူများ၏ ကွန်ပျူတာနည်းပညာ စွမ်းရည်ပြသမှုကို တွေ့ရစဉ်။

၂၀၀၃-၂၀၀၄ခုနှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲတွင် ကျောင်းသား၊ကျောင်းသူလေးများက ကရင်တိုင်းရင်းသား ရိုးရာအကဖြင့် ဧည့်ခံဖျော်ဖြေခဲ့သည်ကို တွေ့ရစဉ်။

နွေရာသီအားကစားသင်တန်းများကို နွေကျောင်း ပိတ်ရက်များအတွင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်ပေးခဲ့ရာ ကရာတေးဒိုအားကစား လေ့ကျင့်နေကြသော မျိုးဆက်သစ်လူငယ်များကို တွေ့ရစဉ်။

နွေရာသီအားကစားသင်တန်းများကို နွေကျောင်း ပိတ်ရက်များအတွင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်ပေးခဲ့ရာ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းတွင် လေ့ကျင့်နေကြသော မျိုးဆက်သစ်လူငယ်များကို တွေ့ရစဉ်။

မျိုးဆက်သစ် ဝူရှူးအားကစားသမားလေးများက ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းတွင် ဝူရှူးလေ့ကျင့်မှု သရုပ်ပြသခဲ့ကြစဉ်။

➪ ကျောဖုံးမှ

ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးသည် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးရန်အတွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့်အတူ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးဖြစ်ကြောင်း။

ပထမအကြိမ် အစည်းအဝေးကို ၁၆-၂-၂၀၀၄ရက်က ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြပြီး အမျိုးသားညီလာခံကျင်းပရေးနှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် တာဝန်များကိုခွဲဝေ သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပထမအကြိမ် အစည်းအဝေးက ချမှတ်ပေးခဲ့သည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ကြိုတင်ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုတင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ညီလာခံကျင်းပနိုင်ရေး လိုအပ်သည့်အဆောက်အအုံ၊ ညီလာ
အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ယခုအခါ အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေလ ၁၇ရက်တွင် ဉာဏ်ပင်ကွင်းစခန်း၌ ကျင်းပပြုလုပ်မှာဖြစ်ကြောင်းကြေညာပြီးဖြစ်သည့်အတွက် အချိန်အားဖြင့် တစ်လခန့်သာလိုတော့မှာဖြစ်ကြောင်း။

ကျန်ရှိသည့် တစ်လခန့်အတွင်း အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်ပြီး မိမိတို့ဆောင်ရွက်ပြီးသည့် လုပ်ငန်းများ၊ ဆောင်ရွက်နေဆဲလုပ်ငန်းများနှင့် ညီလာခံကျင်းပနေဆဲကာလအတွင်း မိမိတို့ဆက်လက်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းများကို ကော်မရှင်နှင့်တကွ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှ ရှင်းလင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်း။

မိမိတို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အနေဖြင့် နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်များကို ခံယူပြီး-

- **ဉာဏ်ပင်ကွင်းစခန်းတွင် ညီလာခံကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့်အဆောက်အအုံ၊ ညီလာခံခန်းမ၊ အစုအဖွဲ့အလိုက် ဆွေးနွေးမည့် အစည်းအဝေးခန်းများ၊ အိပ်ဆောင်၊ ထမင်းစားဆောင်၊ ဆေးရုံ၊ အားကစားရုံ၊ စားသောက်ဆိုင်များနှင့် အပန်းဖြေအနားယူစခန်းများပါ ပြည့်ပြည့်စုံစုံဆောင်ရွက် ထားရှိပြီးဖြစ်ကြောင်း။**
- **၎င်းအပြင် အမျိုးသားညီလာခံသို့ တက်ရောက်ရမည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို စိစစ်ရွေးချယ်ခဲ့ပြီး ၎င်းကိုယ်စားလှယ်များကို အမျိုးသားညီလာခံသို့ တက်ရောက်နိုင်ရေးအတွက် ယခုလ ၇ရက်မှ စတင်၍ ဖိတ်ကြားခဲ့ပြီးလည်း ဖြစ်ကြောင်း။**
- **ငွေရေးကြေးရေးနှင့် ပတ်သက်၍လည်း နိုင်ငံတော်အစိုးရက ထိုက်သင့်သည့် ငွေကြေးသုံးစွဲခွင့်ကို ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။**

ပြန်လည်ကျင်းပခြင်းဖြစ်

ယခုကျင်းပပြုလုပ်မည့် အမျိုးသားညီလာခံသည် ၁၉၉၆ခုနှစ်ကစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များအနေဖြင့် ယခင်ကကဲ့သို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ စသည့် အစုအဖွဲ့ရှစ်ဖွဲ့ဖြစ်ကြောင်း၊ ယင်းအစုအဖွဲ့တို့တွင် တိုင်းရင်းသားများကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အများစု ပါဝင်ကြကြောင်း။

အမျိုးသားညီလာခံကြီးကို ယခင်အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က ထုတ်ပြန်ထားသည့် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ချက်နှင့်အညီ ကျင်းပပြုလုပ်သွားမှာ ဖြစ်သည့်အတွက် မိမိတို့လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ရေးအတွက် မိမိတို့ဘက်မှ ချို့ယွင်းချက်၊ ဟာကွက်မရှိရအောင် ကိုယ်စားလှယ်တော်ကြီးများနေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် အစည်းအဝေးကျင်းပနိုင်ရေးတို့ အပါအဝင် အဘက်ဘက်မှ ပြည့်ပြည့်စုံစုံလိုလေသေးမရှိရအောင် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များအား ဖိတ်ကြားထားမှု အခြေအနေများ၊ ညီလာခံကိုယ်စားလှယ်များအတွက် နေရေး၊ စားရေး၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန် လိုအပ်မှုများ၊ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးရေး၊ မှတ်တမ်း

မွမ်း

အမျိုးသ
ပြည်ထောင်
ကိုယ်စားလှ
တည်း ဆွေး
ကုလားထိုင်
ဆိုင်ရာ ခေ
တပ်ဆင်၍

စာအုပ်ထုတ်ဝေရေး စီစဉ်
ကျင်းပနိုင်ရေးအတွက် စီ
ဆက်လက်၍ အမျိုး
တရားသူကြီးချုပ် ဦးအော
အခြေအနေများကိုလည်း
ဗိုလ်ချုပ်လွန်းမောင်က စီမံ
များနှင့် ဖြည့်ဆည်းပေးရန်
ကြသည်။
ထို့နောက် အစည်း
ညီလာခံအောင်မြင်စွာ ကျ

ယင်းနောက် အမျိုး
အေးချမ်းသာယာရေးနှင့်
ဗိုလ်ချုပ်ကြီးသိန်းစိန်က
နိဂုံးချုပ်အမှာစကားပြော
လိုက်သည်။

လုပ်ငန်းညှိနှိုင်းအစ
ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်း
များသည် ပြည်ထောင်စုခ
ကြည့်ရှုစစ်ဆေးကြသည်၊
ထို့နောက် အမျိုးသ
ရေးမှူး(၂)နှင့် အဖွဲ့ဝင်မျ
သွားရောက်ပြီး ဧည့်ခန်းဆေ
တို့ကို လှည့်လည်ကြည့်ရှ

ဆက်လက်၍ သက်
များနှင့် အမှတ်(၁)စက်မှု
ထားရှိမှုအခြေအနေတို့ကို
ထို့နောက် အမျိုး
ရေးမှူး(၂)နှင့် အဖွဲ့ဝင်များ
ထားသည့် Beauty Salo
မြန်မာ့ဆက်သွယ်ရေးလုပ်
လုပ်ငန်း၊ အများသုံး e-ma
တို့ကို ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမျိုး
ရေးမှူး(၂)နှင့် အဖွဲ့ဝင်များ
ပြီး အမျိုးသမီးကိုယ်ကာယ
တင်းနစ်အားကစားခန်းမ၊

ယခုကျင်းပပြုလုပ်မည့် အမျိုးသားညီလာခံသည် ၁၉၉၆ခုနှစ်က စတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခြင်းဖြစ်၊ ထို့ကြောင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များအနေဖြင့် ယခင်ကကဲ့သို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ စသည့် အစုအဖွဲ့ ရှစ်ဖွဲ့ဖြစ်၊ ယင်းအစုအဖွဲ့တို့တွင် တိုင်းရင်းသားများကို ကိုယ်စားပြုသည့် တိုင်းရင်းသား ကိုယ်စားလှယ်များ အများစုပါဝင်ကြ။

မွမ်းမံပြင်ဆင်ထား

အမျိုးသားညီလာခံ ကျင်းပမည့် ပြည်ထောင်စုခန်းမကြီးတွင် ညီလာခံကိုယ်စားလှယ်များအားလုံး တစ်ပြိုင်တည်း ဆွေးနွေးညှိနှိုင်းနိုင်ရန် ခေတ်မီကုလားထိုင်များ၊ အသံနှင့် အလင်းဆိုင်ရာ ခေတ်မီလျှပ်စစ်ပစ္စည်းများဖြင့် တပ်ဆင်၍ မွမ်းမံပြင်ဆင်ထားပြီးဖြစ်၏။

ပြည်ထောင်စုခန်းမကြီး ပြင်ဆင်ထားမှု

အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်း စခန်းရှိ ပြည်ထောင်စု ခန်းမကြီးအတွင်း ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ထုတ် စောင်ရေ ၁၉၇၈၈၁

အအုံ ညီလာခံခန်းမ၊ စည်းဝေးခန်းများ၊ အပန်းဖြေစခန်းများပါ ပြည့်ပြည့်စုံစုံဆောင်ရွက်ထား
ာရင်းများကို စိစစ်ရွေးချယ်ပြီး ညီလာခံတက်ရောက်ရေးအတွက် ယခုလ ၇ရက်မှ စတင်ဖိတ်ကြားခဲ့

စာအုပ်ထုတ်ဝေရေး စီစဉ်ထားမှုများစသည့် အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က စီမံခန့်ခွဲမှုကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းစီမံ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုခန်းမ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးကိုယ်စားလှယ် အိပ်ဆောင်သို့ သွားရောက်ပြီး ဧည့်ခန်းဆောင်၊ အိပ်ဆောင်၊ အပန်းဖြေဆောင်နှင့် စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

သက်သာအရောင်းဆိုင်များ

ဆက်လက်၍ သက်သာအရောင်းဆိုင်များအဖြစ် ဂျီအီးစီအရောင်းဆိုင်များနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်တို့ ဖွင့်လှစ်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် သက်သာအရောင်းဆိုင်များနှင့် တွဲဖက်ဖွင့်လှစ်ထားသည့် Beauty Salon၊ အမှတ်တရ ဓာတ်ပုံရိုက်ခန်း၊ မျက်မှန်ဆိုင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အများသုံးတယ်လီဖုန်း၊ အများသုံး Fax လုပ်ငန်း၊ အများသုံး e-mailလုပ်ငန်းနှင့် အမြန်ချောပို့ လုပ်ငန်းဖွင့်လှစ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အားကစားခန်းမ

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မိုးလုံလေလုံ အားကစားခန်းမသို့သွားရောက်ပြီး အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊ အမျိုးသမီး စားပွဲတင်တင်းနစ်အားကစားခန်းမ၊ အမျိုးသား ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၊

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားစားပွဲတင်တင်းနစ်အားကစားခန်းမများတည်ဆောက်ထားမှု၊ ခေတ်မီအားကစားပစ္စည်းများထားရှိမှုနှင့် ကြက်တောင်ရိုက်ကွင်းပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဖွင့်လှစ်ထားသည့် ဆေးရုံသို့သွားရောက်ပြီး အထူးကုဆရာဝန်ကြီးများအခန်း၊ တိုင်းရင်းဆေးခန်း၊ သွားဆေးခန်း၊ ဆေးပေးခန်း၊ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်ကွင်းစခန်းမှ နံနက် ၁၁နာရီ ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

ပြင်ဆင်ဆောင်ရွက်

အမျိုးသားညီလာခံကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်ကွင်းစခန်း၌ ၂၀၀၄ခုနှစ် မေ ၁၇ရက်မှစ၍ ကျင်းပသွားမည်ဖြစ်ရာ လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများကို သက်ဆိုင်ရာကော်မတီ၊ ဆပ်ကော်မတီအသီးသီးက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ရေးသားကြိုဆို

ယင်းသို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာတွင် ညောင်နှစ်ပင်ကွင်းစခန်း အဝင် မုခ်ဦး၌ "အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ကြိုဆိုပါ၏" ဟူသော ကြိုဆိုရေးစာတန်းကို ရွှေရောင်စာလုံးကြီးများဖြင့်ရေးသား၍ ကြိုဆိုထားသည်။

ရှင်းလင်းတင်ပြ

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဝင်မုခ်ဦးနှင့် ပြည်ထောင်စုခန်းမကြီးသို့သွားသည့် လမ်းတစ်လျှောက်၌လည်းကောင်း၊ လမ်းဆုံအဝိုင်းပတ်လမ်းတို့နှင့် အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်ကွင်းစခန်း တစ်ခုလုံးအတွင်း၌ လည်းကောင်း ရောင်စုံအလံများ လွှင့်ထူထားပြီးဖြစ်သည့်အပြင် ညပိုင်းတွင်လည်း ရောင်စုံလျှပ်စစ်မီးများဖြင့် ထွန်းညှိထားရှိသည်။

တပ်ဆင်မွမ်းမံ

ထို့အတူ အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမကြီးတွင် ညီလာခံကိုယ်စားလှယ်များအားလုံး တစ်ပြိုင်တည်း ဆွေးနွေးညှိနှိုင်းနိုင်ရန် ခေတ်မီကုလားထိုင်များ၊ အသံနှင့်အလင်းဆိုင်ရာ ခေတ်မီလျှပ်စစ်ပစ္စည်းများဖြင့် တပ်ဆင်၍ မွမ်းမံပြင်ဆင်ထားပြီးဖြစ်သည်။

စတင်ဆောင်ရွက်နေ

ပြည်ထောင်စုခန်းမကြီး၏ မြေအောက်ခန်းတွင် ကျန်းမာရေးဆပ်ကော်မတီရုံးခန်း ဖွင့်လှစ်ထားရှိသကဲ့သို့ ညီလာခံစင်မြင့်ကြီး၏ နောက်ဘက် ပထမထပ်တွင် ဘဏ္ဍာရေးဆပ်ကော်မတီကိုလည်းကောင်း၊ ဒုတိယထပ်တွင် ပြန်ကြားရေး ဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီတို့ကိုလည်းကောင်း၊ တတိယထပ်တွင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီရုံးကိုလည်းကောင်း ဖွင့်လှစ်ထားရှိပြီး အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းများစတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

အိပ်ဆောင်များ

အမျိုးသားညီလာခံသို့ တက်ရောက်လာကြမည့် ညီလာခံကိုယ်စားလှယ်များအတွက် အိပ်ဆောင်များကိုလည်း တည်ဆောက်ပြင်ဆင်ပြီးဖြစ်သည်။

ယင်းသို့ တည်ဆောက်ရာတွင် အမျိုးသား၊ အမျိုးသမီး အိပ်ဆောင် စုစုပေါင်း ၃၉ဆောင်ကို တည်ဆောက်ထားသည်။

အိပ်ဆောင်တစ်ဆောင်လျှင် အိပ်ခန်းရှစ်ခန်းပါရှိသည်။ တစ်ခန်းတွင် ညီလာခံကိုယ်စားလှယ် လေးဦးစီနေနိုင်ရန် အိပ်ရာ၊ ခုတင်စသည့် ပစ္စည်းများ အစုံအလင် ထားရှိပြီးဖြစ်သည်။ အိပ်ခန်းတိုင်းတွင် ရေချိုးခန်းနှင့် သန့်စင်ခန်းများ ပါရှိသည်။ ထို့ပြင် အများသုံးနိုင်သည့် ရေချိုးခန်းနှင့် သန့်စင်ခန်းများကိုလည်း ဖွဲ့စည်းတည်ဆောက်ထားသည်။

အိပ်ဆောင်များတွင် ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုနိုင်ရန် ရုပ်မြင်သံကြားဖမ်းစက်များ တပ်ဆင်ပေးထားသည်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်မြင်သံကြားဌာနခွဲက ထုတ်လွှင့်သည့် အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်ကြမည် ဖြစ်သည်။

အိပ်ဆောင်များတွင် ဧည့်ခန်းများ သီးခြားရှိပြီး အပန်းဖြေဆောင်များ၌လည်း TV နှင့် VCD စက်များ ထားရှိပေးထားရာ နှစ်သက်ရာကြည့်ရှု အပန်းဖြေနားနေနိုင်ကြမည်ဖြစ်သည်။

အစုအဖွဲ့ ရှစ်ဖွဲ့

အမျိုးသားညီလာခံတွင် အစုအဖွဲ့ ရှစ်ဖွဲ့တို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံးအတွင်းရှိ ဆွေးနွေးပွဲခန်းမ(၁)တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ဆွေးနွေးပွဲ ခန်းမ(၂)တွင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်

စာမျက်နှာ ၁၁ ကော်လံ ၁သို့ ☆

အမျိုးသားညီလာခံ အစုအဖွဲ့ (၈)ဖွဲ့တို့၏ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုများ

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ (၈)ဖွဲ့ တို့၏ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုများ

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ လွယ်ကူစွာဝယ်ယူနိုင်ရေး သက်သာချောင်ချိရေး အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိ

☆ စာမျက်နှာ ၉ မှ

များအစုအဖွဲ့၊ ဆွေးနွေးပွဲ ခန်းမ(၄)တွင် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ ဆွေးနွေးပွဲခန်းမ (၅)တွင် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ ဆွေးနွေးပွဲ ခန်းမ(၆)တွင် အသိပညာရှင်၊ အတတ်ပညာရှင်များအစုအဖွဲ့၊ ဆွေးနွေးပွဲ ခန်းမ(၇)တွင် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် ဆွေးနွေးပွဲ ခန်းမ(၈)တွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့က ဆွေးနွေးကြမည်ဖြစ်ပြီး ပြည်ထောင်စုခန်းမ၏ လက်ယာဘက်ရှိ ဆွေးနွေးပွဲခန်းမ(၃)တွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲခန်းမအသီးသီး၌လည်း ခေတ်မီအသံထိန်း အသံဖမ်းစက်ကိရိယာများကို တပ်ဆင်ထားပြီးဖြစ်သည်။

ဖွင့်လှစ်ထားရှိ

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ညောင်နှစ်ပင်ကွင်းစခန်းအတွင်း၌ပင် လူသုံး၊ အထွေထွေသုံးပစ္စည်းများ၊ စားသောက်ကုန်များ၊ စာအုပ်နှင့် စာရေးကိရိယာများ လွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် သက်သာချောင်ချိရေး အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိသည်။

အဆိုပါ သက်သာချောင်ချိရေးဆိုင်များတွင် ရန်ကုန်တိုင်း အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစု (ဂျီအီးစီ) အရောင်းဆိုင်၌ စာအုပ် စာစောင်များ၊ စားသောက်ကုန်ပစ္စည်း ၅၂မျိုး၊ လူသုံးအိမ်သုံးနှင့် အထွေထွေသုံးပစ္စည်း ၁၄၆မျိုး၊ အထည်အလိပ်နှင့် အသင့်ချုပ်ပြီး အဝတ်အထည် ၁၁၆မျိုး၊ စာအုပ် စာနယ်ဇင်းမျိုးစုံ ၁၅၀မျိုးနှင့် စာရေးကိရိယာ ၅၁မျိုး စုစုပေါင်းပစ္စည်း ၅၁၅မျိုးကို လည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်တွင် မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပုံပြင်ထိန်းသိမ်းမှုလုပ်ငန်းနှင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းတို့မှ ကုန်ပစ္စည်းမျိုးစုံ ၂၁၀ မျိုးတို့ကိုလည်းကောင်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ အရောင်းဆိုင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ခန်း၊ Beauty Salon၊ မြန်မာမျက်မှန်အရောင်းဆိုင်နှင့် မျက်စိစမ်းသပ်ခန်းတို့ကိုလည်း ဖွင့်လှစ်ထားသည်။

ထို့ပြင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလည်း ညီလာခံကိုယ်စားလှယ်များ အလွယ်တကူဆက်သွယ်နိုင်ရန် အမျိုးသားဆောင်၊ အမျိုးသမီးဆောင်များတွင် ဆက်သွယ်ရေးစခန်းများကို လည်းကောင်း၊ အမြန်ချောပို့လုပ်ငန်း၊ အမြန်ငွေပို့လွှာလုပ်ငန်း၊ တံဆိပ်ခေါင်းရောင်းဌာန၊ ရိုးရိုးစာပေးပို့ခြင်း/ဖြန့်ဝေခြင်းလုပ်ငန်း၊ မှတ်ပုံတင်စာပေးပို့ခြင်း/ဖြန့်ဝေခြင်းလုပ်ငန်း၊ ငွေပို့လွှာပေးပို့ခြင်း၊ ထုတ်ပေးခြင်းလုပ်ငန်းနှင့် ပြည်တွင်း/ပြည်ပ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းတို့ကိုတပ်ဆင်ကာ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျွေးမွေးရေး

အမျိုးသားညီလာခံကိုယ်စားလှယ်များ နံနက်၊ နေ့လယ် နှင့် ညစာသုံးဆောင်နိုင်ရန် စားရိပ်သာ အဆောင်(၁)တွင် အမျိုးသမီး၊ အမျိုးသားညီလာခံကိုယ်စားလှယ် ၂၅၀ဦး၊ စားရိပ်သာအဆောင်(၂)တွင် အမျိုးသားညီလာခံကိုယ်စားလှယ် ၄၁၀ဦးနှင့် စားရိပ်သာအဆောင်(၃)တွင် အမျိုးသားညီလာခံကိုယ်စားလှယ် ၄၁၀ဦးတို့ တစ်ပြိုင်တည်း သုံးဆောင်နိုင်ရေးအတွက် ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။

ဆေးရုံဖွင့်လှစ်ထား

အမျိုးသားညီလာခံကိုယ်စားလှယ်များ ညောင်နှစ်ပင်ကွင်း စခန်း၌ပင် ကျန်းမာရေးဆိုင်ရာလိုအပ်မှုများကို ပြသကုသနိုင်ရန် ဆေးရုံတစ်ရုံကိုလည်း ဖွင့်လှစ်ထားရှိသည်။

အဆိုပါဆေးရုံတွင် အထွေထွေရောဂါကု သမားတော်၊ ခွဲစိတ်အထူးကုသမားတော်၊ အရိုးထိခိုက်ဒဏ်ရာအထူးကုသမားတော်၊ မျက်စိအထူးကုသမားတော်၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုသမားတော်၊ သားဖွား၊ မီးယပ် အထူးကုသမားတော်တို့က အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကုသမှုများ ပြုလုပ်ပေးသွားမည်ဖြစ်သည်။

အဆိုပါဆေးရုံတွင် ခေတ်မီဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများထားရှိပြီး တိုင်းရင်းဆေးခန်းကိုလည်း ဖွင့်လှစ်ထားရှိသည်။

မိုးလုံလေလုံ အားကစားခန်းမ

အမျိုးသားညီလာခံကိုယ်စားလှယ်များ အားကစားလေ့ကျင့်နိုင်ရန် အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ပေရှိ မိုးလုံ လေလုံ အားကစားခန်းမကိုလည်း ညောင်နှစ်ပင်ကွင်းစခန်း၌ တည်ဆောက်ထားပြီးဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်ကွင်း စခန်းအဝင်မုခ်ဦး၌ "အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ကြိုဆိုပါ၏"ဟူသော ကြိုဆိုရေးစာတန်းကို ရွှေရောင်စာလုံးများဖြင့် ရေးသားထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၁ မှ

မိုးလုံလေလုံ အားကစားခန်းမတွင် ကြက်တောင်ရိုက်ကွင်း လေးကွင်းနှင့် အမျိုးသား၊ အမျိုးသမီး သီးခြားစီ လေ့ကျင့်ကစားနိုင်သည့် ခေတ်မီအားကစားပစ္စည်းများပါရှိသော ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမနှင့် စားပွဲတင်တင်းနစ်ခန်းမတို့ပါရှိရာ အမျိုးသားညီလာခံကိုယ်စားလှယ်များ လေ့ကျင့်ကစားနိုင်ကြမည်ဖြစ်သည်။

အမျိုးသား ညီလာခံကိုယ်စားလှယ်များ အမျိုးသား၊ အမျိုးသမီး သီးခြားစီ ညပိုင်းတွင် အပန်းဖြေကြည့်ရှုနိုင်ရန် ဇာတ်ခုံများကိုလည်း တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

သိုလှောင်ထား

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကျွေးမွေးနိုင်ရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲအမျိုးမျိုးနှင့် ကုန်ခြောက်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း သန့်ရှင်းသပ်ရပ်စွာဖြင့် သီးခြားသိုလှောင်ရုံများတွင် စနစ်တကျ ပြည့်စုံစွာ သိုလှောင်ထားပြီးဖြစ်သည်။

ထို့ပြင် အမျိုးသားညီလာခံတွင် လာရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအတွက်လည်း သီးသန့်စားသောက်ဆောင်၊ အိပ်ဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများကိုလည်းကောင်း၊ သက်သာအရောင်းဆိုင်များ၊ လက်ဖက်ရည်၊ အအေးဆိုင်များကိုလည်းကောင်း ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သည်။ (သတင်းစဉ်)

သကြၤန်ရွှေဖလားချီးမြှင့်

(၄၆)ကြိမ်မြောက် ပြင်ဦးလွင်သင်္ကြန်ရွှေဖလား ဖိတ်ခေါ်ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ရွှေအဆင့်အသင်းလိုက်ပြိုင်ပွဲ၌ ပထမရရှိသော Y.C.D.C အသင်းအား တပ်မတော်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်က သကြၤန်ရွှေဖလားကို ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

➢ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ကျောက်ဆည်မြို့နယ် အင်းကုန်းလယ်ယာသုံး စက်ကိရိယာစက်ရုံစီမံကိန်းသည် အထက်မြန်မာပြည် အခြေစိုက် လယ်ယာအခြေခံစက်မှုလုပ်ငန်းဖြစ်သည့် အင်းကုန်းကျေးရွာရှိ အမှတ်(၂)ပင်မစက်ပြင်အလုပ်ရုံက ထွန်စက်နှင့် ထွန်ယက်ကိရိယာများ၊ လယ်ယာသုံးစက်ကိရိယာများ ပြင်ဆင်ပေးလျက်ရှိသည့်အပြင် ကျွမ်းကျင်လုပ်သားများကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ထို့ပြင် လယ်ယာသုံးစက်ကိရိယာအသစ်များကိုလည်း တီထွင်စမ်းသပ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရပေသည်။

ယင်းစီမံကိန်းများတွင် တစ်ခုအပါအဝင်ဖြစ်သော ပလတ်စတစ်စက်ရုံ ဖွင့်ပွဲကို အမှတ်တရဖော်ပြလိုပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ၁၁-၄-၂၀၀၄ ရက်နေ့တွင် ရဟတ်ယာဉ်ဖြင့် ကျောက်ဆည်မြို့သို့ ရောက်ရှိကြပြီး ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် ဆင်အကအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)ဆိုင်းဘုတ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။ ထို့နောက် ရှင်းလင်းဆောင်၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပလတ်စတစ်စက်ရုံ(ကျောက်ဆည်) တည်နေရာ၊ စက်ရုံတည်ဆောက်ရသည့် ရည်ရွယ်ချက်၊ စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘိလပ်မြေအိတ်ခွံ ထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ဝန်ကြီးဦးအောင်သောင်းက စက်ရုံနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)မှာ တစ်နှစ်လျှင် ဘိလပ်မြေအိတ်ခွံ ကိုးသန်းထုတ်လုပ်ပေးနိုင်မည့် စက်ရုံဖြစ်သည်။ နောင်တွင် ကြက်သွန်အိတ်များပါ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အစိုးရနည်းပညာကောလိပ်(ကျောက်ဆည်)သို့ ရောက်ရှိကြရာ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာမဟာဌာန ဌာနမှူး ဒေါက်တာဒေါ်မြမြဦးက ရန်ကုန်နည်းပညာတက္ကသိုလ်က စမ်းသပ်သုတေသနပြု ဆောင်ရွက်လျက်ရှိသည့် ဇီဝဓာတ်ငွေ့ သုတေသနလုပ်ငန်း၊ ဇီဝဓာတ်ငွေ့ဖြင့် ကျောက်ဆည်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့အတွင်းရှိ ကျေးရွာများ၌ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက် ပေးနိုင်မှု၊ ဇီဝဓာတ်ငွေ့ထုတ်ကန်မှရရှိသော သဘာဝမြေဩဇာနှင့် သဘာဝမြေဩဇာ၏ အစွမ်းသတ္တိများ၊ သစ်တိုသစ်စ၊ စပါးခွံများဖြင့် ဇီဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ချက်များ၊ ဇီဝမြေဩဇာထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်က ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျေးရွာများ၌ အသုံးပြုနိုင်ရန် စည်းရုံးဆောင်ရွက်ခဲ့မှုနှင့် ကျေးရွာလူထု ကြိုက်နှစ်သက် သုံးစွဲနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပေသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားနှင့် သဘာဝမြေဩဇာရရှိနိုင်သည့် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် မှာကြားသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီဝဓာတ်ငွေ့သုတေသနလုပ်ငန်း၊ ဇီဝမြေဩဇာသုတေသနလုပ်ငန်း၊ အပင်တစ်သျှူးမွေးမြူမျိုးပွားခြင်း လုပ်ငန်း စသည့် သုတေသနပြုဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြသထားမှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်၍ လျှပ်စစ်မီးအသုံးပြုလျက်ရှိပြီး သဘာဝမြေဩဇာအသုံးပြုနိုင်လျက်ရှိသည့် ကျေးရွာများမှ ရွာသူ၊ ရွာသားများအားတွေ့ဆုံမေးမြန်းရာ ရွာသူ၊ ရွာသားများက ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်အသုံးပြုခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြခဲ့ကြပေသည်။ အချင်း ၁၇ ဒသမ ၂ လက်မ၊ အမြင့် ၁၀ ပေ၊ ကန်ထုထည် ကုဗမီတာ ၅၀ အတိုင်းအတာရှိသည့် ကျေးရွာသုံး ဇီဝဓာတ်ငွေ့ထုတ်ကန်များကို ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာ၊ တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတို့၌ စမ်းသပ်တည်ဆောက်ခဲ့ပေသည်။

ဇီဝဓာတ်ငွေ့ထုတ်ကန်များတွင် နွားချေး၊ ဝက်ချေး၊ မြင်းချေး စသည့် တိရစ္ဆာန်စွန့်ပစ္စည်းများ၊ ကောက်ရိုး၊ ပြောင်းရိုး၊ ဂျုံရိုး၊ နှမ်းရိုး စသည့် စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများ၊ အကိုင်းအခက်များ၊ မြက်ပင်များ၊ ဗေဒါများ၊ သစ်ရွက်ကြွေများ စသည့် သစ်တောဘေးထွက်ပစ္စည်းများ၊ စက်ရုံနှင့် မြူနီစီပါယ် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်ယူနိုင်သည်။

ထွက်ရှိလာသည့် ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့်အပြင် သဘာဝမြေဩဇာများရရှိကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ်ရှိ CNC Machine Shop လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လိမ္မော်၊ ပျားလိမ္မော်နှင့် ပြည်ပသစ်ခွများကို တစ်သျှူးနည်းဖြင့် သုတေသနပြုမွေးမြူ စမ်းသပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပေသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီဝမြေဩဇာ ပြင်ဆင်ခြင်း သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ သစ်တိုသစ်စများ အသုံးပြု၍ ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပြန်လည်ပြည့်ဖြိုးမြဲလောင်စာဖြစ်သော ဇီဝဓာတ်ငွေ့ကို နွားချေးနှင့် သစ်တိုသစ်စမှ ထုတ်ယူ၍ ကျေးလက်သုံး လျှပ်စစ်စွမ်းအင်ရရှိရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ရန်ကုန်နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာမဟာဌာနကကြီးမှူး၍ လေ့လာစမ်းသပ် တီထွင်ဆောင်ရွက်လျက်ရှိကြောင်း မှတ်သားလေ့လာရပေသည်။

ကျောက်ဆည်မြို့ရှိ အစိုးရနည်းပညာကောလိပ်သည် ကျောက်ဆည်စက်မှုနယ်မြေအတွက် လေ့ကျင့်ကွင်းဆင်းရာ လက်တွေ့နယ်မြေ ဖြစ်နေပေသည်။ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဓာတုအင်ဂျင်နီယာဌာနနှင့် ဇီဝနည်းပညာဌာနမှ ဌာနမှူး ဒေါက်တာဒေါ်မြမြဦးနှင့် ပါရဂူဘွဲ့ယူရန် စာတမ်းတင်သွင်းမည့် ဆရာမများသည် ထူးခြားလှသောသဘောကို တွေ့ရပေသည်။

သူတို့လေးတွေသည် ပညာတတ် အမျိုးသမီးငယ်များဖြစ်သော်လည်း ကျေးရွာသုံး ဇီဝဓာတ်ငွေ့ကန်များကို ကျေးရွာများစွာအသုံးပြုရန် လက်တွေ့စည်းရုံးလုပ်ကိုင်နေမှုကို အထူးဂုဏ်ပြုထိုက်ပေသည်။ သူတို့လေးတွေသည် ကျောက်ဆည်၊တံတားဦးမြို့နယ်များသို့ ကိုယ်တိုင်ကွင်းဆင်းသွားရောက်ခဲ့ကြသည်။ ကျေးရွာသူ၊ ကျေးရွာသားများက နားမလည်၍ မေးမြန်းပြောဆိုမှုများကို စိတ်ရှည်လက်ရှည် သည်းခံပြန်ကြား ဖြေဆိုပေးခဲ့ကြပါသည်။

စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကိုယ်တိုင် ကျေးရွာများမှ ရွာသူ၊ ရွာသားများကို လက်တွေ့မေးမြန်းခဲ့ပါသည်။ ရွာသူ၊ ရွာသားများက ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်အသုံးပြုခြင်းကြောင့် ရရှိသည့်အကျိုးကျေးဇူးများကို ပြန်လည်ဖြေကြားခဲ့ကြပါသည်။

ကျောက်ဆည်နယ်မြေသည် ရှေးခေတ်အဆက်ဆက်တွင် စပါးကျီဖြစ်ခဲ့သည်။ ယခုမူ သူမတူထူးခြား မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည့် စက်မှုနယ်မြေဆီ ဦးတည်လျက်ရှိနေပေတော့သည်။ ။

ပြင်ဦးလွင် သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်ကလပ်တို့က ကြီးမှူး၍ ၂၀၀၄ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်နှင့် (၄၆)ကြိမ်မြောက် ပြင်ဦးလွင် သင်္ကြန်ရွှေဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ၁၅ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင် ဂေါက်ကလပ်၌ ကျင်းပသည်။

ရွှေအဆင့်

ဆုချီးမြှင့်ပွဲတွင် တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်က ရွှေအဆင့်အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၄၄၅ချက်ဖြင့် ပထမရရှိသော Y.C.D.Cအသင်း၊ စုစုပေါင်းရိုက်ချက် ၄၆၃ချက်ဖြင့် ဒုတိယရရှိသော ပြင်ဦးလွင်အသင်းတို့အား လည်းကောင်း၊ Professional Golfers တစ်ဦးချင်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၇ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Pan-West)၊ စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇော်လတ်(Pan-West) နှင့် စုစုပေါင်းရိုက်ချက် ၂၉၅ချက်ဖြင့် တတိယ ရရှိသော အောင်ဝင်း(Y.C.D.C) တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

ပြင်ဦးလွင်ဂေါက်ကလပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ထွန်းရီက အမျိုးသားအပျော်တမ်း တစ်ဦးချင်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၇ချက်ဖြင့် ပထမရရှိသော ဇော်ဇင်ဝင်း (Y.C.D.C)၊ စုစုပေါင်းရိုက်ချက် ၃၀၀ဖြင့် ဒုတိယရရှိသော သန်းနိုင်ဦး(သစ်တောရေးရာ)နှင့် စုစုပေါင်းရိုက်ချက် ၃၀၀ ဖြင့် တတိယရရှိသော နိုင်နိုင်လင်း (Y.C.D.C)တို့အား ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

ငွေအဆင့်

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက ငွေအဆင့် အသင်းလိုက် ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၄၈၆ချက်ဖြင့် ပထမရရှိသော ပြင်ဦးလွင်(ဂ)အသင်း၊ စုစုပေါင်း ၄၈၇ ချက်ဖြင့် ဒုတိယရရှိသော ပြင်ဦးလွင် (ခ)အသင်းတို့အား လည်းကောင်း၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော စိုးမြတ်(ပြင်ဦးလွင်)၊ ဒုတိယရရှိသော ဘလှမောင်(အကောက်ခွန်)၊ တတိယရရှိသော သိန်းလှိုင်(ပြင်ဦးလွင်) တို့အားလည်းကောင်း၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော လှဖြိုး (အကောက်ခွန်)၊ ဒုတိယရရှိသော သိန်းအောင်(အကောက်ခွန်)နှင့် တတိယရရှိသော ကျော်ကိုဦး (ပခုက္ကူ) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

ကြေးအဆင့်

M.P.G.A အထွေထွေ အတွင်းရေးမှူး Professional Golfers ဦးချမ်းဟန်က ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၅၁၈ချက်ဖြင့် ပထမရရှိသော ပခုက္ကူအသင်းနှင့် စုစုပေါင်းရိုက်ချက်၅၂၁ချက်ဖြင့် ဒုတိယရရှိသော အကောက်ခွန်အသင်း တို့အားလည်းကောင်း၊ K.M Golf Centre မှ ဒါရိုက်တာ ဒေါ်အေးအေးတင့်က အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော မရီ၊ ဒုတိယရရှိသော ခင်မျိုးတင့်နှင့် တတိယရရှိသော ခင်ဆွေတင်တို့အား လည်းကောင်း၊ သက်ကြီးတန်းပြိုင်ပွဲတွင် ပထမရရှိသော ဦးထွန်း၊ ဒုတိယရရှိသော ဦးထွန်းလှိုင်နှင့် တတိယရရှိသော ဦးခမ်းမော်တို့အား လည်းကောင်း၊ ပြင်ဦးလွင်ဂေါက်ကလပ် အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြသော ဧပြီ ၁၂ရက် ပြိုင်ပွဲတွင် Professional Golfers ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Pan-West) က ၆၈ ချက်၊ ဧပြီ၁၃ရက်ပြိုင်ပွဲတွင် စိုးကျော်နိုင် (Pan-West) က ၆၆ချက်၊ ဧပြီ ၁၄ရက်ပြိုင်ပွဲတွင် အောင်ဝင်း (Y.C.D.C)က အချက် ၇၀နှင့် ဧပြီ ၁၅ရက် ပြိုင်ပွဲတွင် စိုးကျော်နိုင် (Pan-West) က ၇၁ချက်တို့ဖြစ်ကြပြီး အပျော်တမ်းပြိုင်ပွဲ၌ ဧပြီ ၁၂ရက်တွင် ခင်မောင်တိုးက ၇၁ချက်နှင့် ဧပြီ ၁၃ရက်မှ ၁၅ရက်အထိ ဇော်ဇင်ဝင်းက ၇၀၊ ၇၁၊ ၇၃(သုံးရက်ဆက်တိုက်)တို့အား လည်းကောင်း၊ K.M Golf Centre အုပ်ချုပ်မှု ဒါရိုက်တာ ဦးမောင်မောင်မြင့်က ရွှေအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော လှမျိုး၊ ဒုတိယရရှိသော နိုင်နိုင်လင်း၊ တတိယရရှိသော အေးကိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်လိုက်သည်။

ကူညီပံ့ပိုး

ယင်းပြိုင်ပွဲကို K.M Golf Centre နှင့် ပြင်ဦးလွင် ဂေါက်ကလပ်တို့က အဓိက ပံ့ပိုးကြမည်ဖြစ်ပြီး Co-Sponsors များအဖြစ် Maruman ၊ Shwe Sar Yan Golf ၊ Resort ၊ Eden Group ၊ Air Mandalay ၊ Imperial Jad ၊ MK Fashion Shop ၊ Ves ၊ A.K ကုမ္ပဏီ၊ Wilson ၊ Tiger နှင့် Sun Far Travels and Tour တို့ကလည်း ကူညီပံ့ပိုးကြသည်။ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Management Aad Pyin Oo Lwin Golf Club တို့က တာဝန်ယူဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၉-၄-၂၀၀၄)

ပြင်ဦးလွင်	-	၂ ဒသမ ၄၈ လက်မ
သီပေါ	-	၂ ဒသမ ၁၃ လက်မ
ကလေး	-	၁ ဒသမ ၄၆ လက်မ
ဟားခါး	-	၁ ဒသမ ၄၂ လက်မ

❍ ပါရမီခုံးကျော်တံတားမှ

ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ အမှတ် (၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အန္တရာယ်ကင်းရှင်းစွာ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(ငြိမ်း)နှင့် ပါရမီ ခရီးသည်ပို့ဆောင်ရေးမှ ဗိုလ်မှူးကြီးမျိုးမြင့်တို့က ခရီးသည်တင်ယာဉ်လိုင်းများ လမ်းကြောင်းပြောင်းလဲ ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝေဇယန္တာလမ်းကို ခရီးသည်တင်ဘတ်စ်ကားများ ယာယီအသုံးပြုနိုင်ရေး စီစဉ်ပေးရမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးတင်အောင်က လျှပ်စစ်ဓာတ်အားလိုင်းများ အန္တရာယ်ကင်းစွာရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ပါရမီ ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တံတားတည်ဆောက်စဉ်ကာလအတွင်း ကမ္ဘာအေးစေတီလမ်းနှင့် ဝေဇယန္တာလမ်းကြား ပါရမီလမ်းကို ခေတ္တ ပိတ်ထားမည်ဖြစ်၍ ၎င်းဧရိယာအတွင်းရှိ ရပ်ကွက်များနေပြည်သူများယာဉ်ဝင်၊ ထွက်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများ အန္တရာယ်ကင်းရှင်းစွာဖြင့် အချိန်မီပြီးစီးရေး ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများတွင် အချိန်မီပြီးစီးရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကူညီဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ၌ မီးရထားခုံးကျော်တံတားများ တည်ဆောက်ရေး လုပ်ငန်းကော်မတီအနေဖြင့် တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်အစပ်၊ မြို့ပတ်ရထားလမ်းနှင့် ပါရမီကားလမ်းကူး (Level Crossing) နေရာကို မြို့ပတ်ရထားများ ဖြတ်သန်းစဉ်အချိန်အတွင်း လမ်းများပိတ်ထားရမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ အဆင့်မြင့် မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တင်တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိရာ ခြောက်လမ်းသွား လမ်းမကြီးများအဖြစ် တိုးချဲ့ခြင်း၊ အဆောက်အအုံများ အမြင်တင့်တယ်စေရန် ပြုပြင်မွမ်းမံခြင်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ အပါအဝင် ဘက်စုံ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့ရှိ မီးရထားလမ်းနှင့် မော်တော်ကားလမ်းဖြတ်သန်းရာ Level Crossing နေရာများတွင် ခုံးကျော်တံတားများလည်း တည်ဆောက်လျက်ရှိကြောင်း၊ ယခု တည်ဆောက်သည့် ပါရမီ မီးရထားခုံးကျော်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

စီစဉ်ထား

ပါရမီခုံးကျော်တံတားသည် အရှည် ၇၄၂ ဒသမ ၅ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၄၈ ပေရှိကာ တစ်ဖက်စီတွင် လူသွားလမ်းများ ပါရှိသည်။ တံတားအမျိုးအစားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားကြီးတည်ဆောက်ပြီးစီးသွားပါက ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကာ ရထားလမ်းကင်းလွတ် အမြင့်မှာ ၁၄ ပေရှိသည်။ ပါရမီခုံးကျော်တံတားကြီးကို မြို့ပတ်ရထားများ သွားလာမှုကြောင့် ပါရမီလမ်း ယာဉ်ကြောပိတ်ဆို့ခြင်းမှ ကင်းလွတ်စေရန် တည်ဆောက်ခြင်းဖြစ်ပြီး တံတားတည်ဆောက်စဉ်ကာလအတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် တည်ဆောက်နိုင်ရန် ကမ္ဘာအေးစေတီလမ်းနှင့် ဝေဇယန္တာလမ်းအကြား ပါရမီလမ်းယာဉ်သွားလာမှုကို ၂၀၀၄ခုနှစ် ဧပြီ ၂၁ရက် ညမှစတင်၍ ပိတ်ထားမည်ဖြစ်ပြီး ခရီးသည်တင်ဘတ်စ်ကားလိုင်းများကို သတ်မှတ်ထားသည့် လမ်းကြောင်းများအတိုင်း ပြေးဆွဲနိုင်ရေး စီစဉ်ထားကြောင်း သိရှိရသည်။

ခြောက်လအပြီး

တံတားကြီး ပြီးစီးပါက တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့မှ ပြည်သူများ ရန်ကုန်မြို့တွင်းသို့ မြို့ပတ်ရထားလာချိန်စောင့်ရန်မလိုဘဲ လွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်ပြီး တံတားကြီးကို မြန်မာ့မီးရထား အင်ဂျင်နီယာအဖွဲ့က ခြောက်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းတို့က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအပြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်များဖွင့်ပွဲ ဆင်ဖြူကျွန်း၊ စလင်းနှင့် ပွင့်ဖြူမြို့များတွင် ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက် ဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ ၁၇ရက်တွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦးသို့ ရောက်ရှိပြီး နန်းမြင့်မျှော်စင်ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ညောင်ဦးမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ သွားရောက်စစ်ဆေးပြီး အများပြည်သူသုံး တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း ဆင်ဖြူကျွန်းမြို့သို့ ရောက်ရှိကြပြီး နံနက် ၁၀နာရီခွဲ တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆင်ဖြူကျွန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်များသည် အော်တိုအိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁နာရီတွင် စလင်းမြို့သို့ ရောက်ရှိကြပြီး စလင်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်များသည် အော်တိုအိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ စလင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားပြီး အော်တိုအိတ်ချိန်းသစ်များ ဖွင့်လှစ်ပေးခြင်းအတွက် စလင်းမြို့မှ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့ အော်တိုအိတ်ချိန်း တည်ဆောက်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးတင်ထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁နာရီခွဲတွင် ပွင့်ဖြူမြို့သို့ရောက်ရှိပြီး ပွင့်ဖြူမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့်အတူ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့်ဧည့်သည်များသည် အော်တိုအိတ်ချိန်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မကွေးမြို့သို့ရောက်ရှိပြီး မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကုမာရအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဆောင်ပြင်ဆင်ဆောက်လုပ်မှုများကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အတူ လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းလှူဒါန်းသည်။ ဆက်လက်၍ မြို့တွင်းရှိ အသစ်တည်ဆောက် ဖွင့်လှစ်ပြီးသော မကွေးဟိုတယ်နှင့် ဖန်ခါးမြေဟိုတယ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဧပြီ ၁၈ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် မကွေးမြို့ ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ တောင်တွင်းကြီးမြို့သို့ ရောက်ရှိသည်။ ဝန်ကြီးသည် တောင်တွင်းကြီးမြို့၌ ပြုပြင်တည်ဆောက်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်ကြီးတွင် ဂေါပကအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးအင်ဂျင်နီယာများနှင့် တွေ့ဆုံကာ စေတီတော်ကြီးအတွက် လိုအပ်ချက်များ ဆွေးနွေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ရွှေအင်းတောင်ဘုရားသို့ သွားရောက်ပြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှုသည်။ ထို့နောက်ဝန်ကြီးသည် တောင်တွင်းကြီးမြို့နှင့် အောင်လံမြို့တို့သို့ ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



ပါရမီ ရထားလမ်းခုံးကျော်တံတား စတင်တည်ဆောက် ခရီးသည်တင်ယာဉ်များ လမ်းကြောင်းပြောင်း ပြေးဆွဲမည်

ရန်ကုန် ဧပြီ ၁၉

ပါရမီ ရထားလမ်းခုံးကျော်တံတားကို စတင်တည်ဆောက်နေပြီဖြစ်၍ ဧပြီ ၂၁ရက်မှ စတင်ကာ ဝေဇယန္တာလမ်းနှင့် ကမ္ဘာအေးစေတီလမ်းကြားရှိ ပါရမီလမ်းကို ယာယီပိတ်ထားမည်ဖြစ်သဖြင့် ခရီးသည်တင်မော်တော်ယာဉ်လိုင်းများဖြစ်သည့် (၄၉)အစိမ်း၊ (၂၀၁)ဒိုင်နာ၊ မီနီဘတ်စ်ယာဉ်လိုင်းများသည် သုမင်္ဂလာလမ်းအတိုင်းလာရာမှ နန္ဒဝန်ဈေးဘက်သို့ မသွားတော့ဘဲ ကံဘဲ့မီးပွိုင့်မှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်းလည်းကောင်း၊ (၄၉) အဝါ၊ (၂၁၉)ဒိုင်နာ၊ (၂၁၀) ယာဉ်လိုင်းများသည် သံသုမာလမ်းအတိုင်းလာရာမှ ဘေလီတံတားဘက်သို့ မသွားတော့ဘဲ သစ္စာလမ်းမကြီးနှင့်ဆုံရာမှ စတင်၍ ကံဘဲ့မီးပွိုင့်မှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်းလည်းကောင်း၊ (၃၆)ယာဉ်ကြီး၊ (၃၆)ဒိုင်နာ ယာဉ်လိုင်းများသည် ဝေဇယန္တာလမ်းမ၊ ဂန္ဓမာလမ်းမှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်း လည်းကောင်း၊ ၄၃ ယာဉ်ကြီး(အစိမ်း) ယာဉ်လိုင်းသည် နန္ဒဝန်ဈေးဘက်သို့ မသွားတော့ဘဲ ရန်ကင်းလမ်းနှင့် ကံဘဲ့လမ်းဆုံရာမှ ကံဘဲ့မီးပွိုင့်မှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်းလည်းကောင်း၊ ပါရမီယာဉ်လိုင်းမှ (၁၇၃)၊(၁၇၄)၊(၁၇၆)၊ (၁၇၉)၊ (၁၈၀)၊ (၁၈၂)တို့သည် ပါရမီလမ်းမှ ဝေဇယန္တာလမ်းအတိုင်းသွား၍ ဂန္ဓမာလမ်းမှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းဘက်သို့လည်းကောင်း ယာဉ်လမ်းကြောင်းပြောင်းလဲ ပြေးဆွဲမည်ဖြစ်သည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်း ကံမမြို့ရေနံ့သာနေ ဦးအုန်းကြိုင်–ဒေါ်နုနုဆွေတို့၏သားကြီး
မောင်သက်ထွန်းဦး Third Year (Myanmar)
Director(R&W-International Trading Co.,Ltd.)
နှင့်
ရန်ကုန်မြို့ ကန်တော်ကလေးနေ ဦးလှရွှေ–(ဒေါ်မြမြခင်(ခ)ဒေါ်မြခင်)တို့၏ သမီးထွေး
မအေးမြတ်မွန် B.Sc (Physics),D.A(U-K)
ACCA Part II(U-K)

တို့၏ ၁၈–၄–၂၀၀၄ရက်(တနင်္ဂနွေနေ့)၌ ရန်ကုန်မြို့ International Business Center ခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးရင်နှင့်ဇနီး ဒေါ်ခင်ဝင်းကြည် ပါမောက္ခ ဓာတုဗေဒဌာန ရန်ကုန်ပညာရေး တက္ကသိုလ်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသောဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသီချင်း သီဆိုပေးသော နွဲ့ယဉ်ဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်း တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ် အလှဖန်တီးရှင် ခင်စန်းဝင်း၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော မမြဒါလီ၊ မေတ္တာဖြင့် မင်္ဂလာပန်းကုံးနှင့် လက်စွပ်ကိုင်ဆောင်ပေးသော မစောစန္ဒာ၊ ဓာတ်ပုံ Non-Stop မြင့်အောင်၊ Video နှင့်ဓာတ်ပုံ IBC အဖွဲ့၊ IBC ဝန်ထမ်းများနှင့် မင်္ဂလာညှော်ခံပွဲသို့ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်သက်ထွန်းဦး–မအေးမြတ်မွန်။

ဟာသဂျာနယ်အတွဲ(၂) အမှတ် (၃၇)ဖြန့်ချိ

ရန်ကုန် ဧပြီ ၁၉

ကာတွန်းမောင်ဝဏ္ဏ၏ မျက်နှာဖုံးကာတွန်းနှင့် မြေဇာ၏ ကိုကိုစိန်ရိုး ကာတွန်းဇာတ်လမ်း အပါအဝင် ဆရာသာဂဒိုး၊အီကြာကွေး၊ သန်လျင်မောင်မောင်ဦး၊ ဖိုးဉာဏ်၊ တွတ်တွတ်၊ကာတွန်းမြင့်စိုးလေး၊ တေးသံရှင်ကြည်အောင်၊စုသက်မှူး (မရမ်းကုန်း)၊ ရွှေရိုး(မန္တလေး)၊ မာန်သစ်၊ တနိုင်ခ၊ နေလောက်ဇော်၊ ကျော်ဇောဟိန်း (ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး ရုပ်ရှင်၊ သဘင်ဟာသများဖြင့် "ဟာသ"ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၇)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။ (က–ပ)

ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများအား ဒုတိယအကြိမ်ပူဇော်ကန်တော့ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စုံစုံညီညီ တက်ရောက် ကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲ

နေ့ရက် – ၂၅–၄–၂၀၀၄ (တနင်္ဂနွေနေ့)
အချိန် – နံနက် (၉း၀၀)နာရီ
နေရာ – တက္ကသိုလ်များဓမ္မာရုံ (ရန်ကုန်တက္ကသိုလ်နယ်မြေ)။

မိတ်ဆုံညစာစားပွဲ

နေ့ရက် – ၂၅–၄–၂၀၀၄ (တနင်္ဂနွေနေ့)
အချိန် – ညနေ (၆း၀၀)နာရီ
နေရာ – မင်္ဂလာဥယျာဉ်ဟိုတယ်
အမှတ်(၃၀)၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

စစ်တွေ အထက(၁)ကျောင်းသား/သူဟောင်းများ

ဒုတိယအကြိမ် မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း။

[illegible]

နေရာ ။ [illegible]
နေ့ရက် ။ ၂၅–၄–၀၄ [illegible]
အချိန် ။ ညနေ [illegible]

[illegible]

Q.E.L.C (Language Centre)

[illegible]

- [illegible] 4 Skills English (Basic) [illegible] April (26) [illegible]
- [illegible] April (24) [illegible]
- English Skills Foundation [illegible]

IELTS, TOEFL, Writing, Grammar. April (24)

[illegible]

ရောင်းမည်

ရွှေဘုံသာလမ်း (အောက်)၊ ၂၅ပေ X ၆၀ပေ (ဒုထပ်)၊ ရေ၊ မီး(ရိုးရိုး–ပါဝါ)၊ ဖုန်း။

(ပွဲစားမလို)

ဖုန်း–၂၀၀၅၂၂

(၅၀)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

POTENTATES CO., LTD. နှင့် [illegible]

ချစ်သော ညီမောင်	[illegible] (M.D)Potentates Co., Ltd.
ချစ်သော သားသမီးများ	[illegible] (1st E GEWIN MARITIME LIMITED, JAPAN & (DIRECTOR) Potentates Co., Ltd.
	[illegible] (DIRECTOR) Potentates Co., Ltd.
	[illegible] (DIRECTOR) Potentates Co., Ltd.
	[illegible]
	[illegible] (DIRECTOR) Potentates Co., Ltd.
	[illegible]
ချစ်သော မြေးလေးများ	[illegible] (Primary-1, ILBC&TTC)
	[illegible] (KG, ILBC & TTC)
	[illegible]

POTENTATES CO., LTD. မိသားစု

KHiND ခင်ကမ္ဘာ

Electrical Home Appliances

အရည်အသွေးလဲယုံကြည်စိတ်ချပြီးသားဖြစ်၊ မယုံကြည်နိုင်သောဈေးနှုန်းလည်းဖြစ်

- SMART COOLING SENSOR နှင့် HIGH ENERGY SAVING ပါရှိပြီး COMPRESSOR (၂) နှစ်အာမခံဖြင့် အကောင်းဆုံး SPLIT TYPE AIRCON များကို အောက်ပါနွေရာသီဈေးရောင်းပွဲတော်တွင် အထူးဈေးနှုန်းဖြင့် လက်လွတ်မခံ ဝယ်ယူနိုင်ပါသည်။

KACS-09 CR4 (1.0 HP) ၁ကောင် (ပုံမှန်ဈေး 200000)(ပွဲတော်ဈေး 175000)
KACS-12CR4 (1.5 HP) ၁ကောင်ခွဲ (ပုံမှန်ဈေး 235000)(ပွဲတော်ဈေး 210000)

- PROJECT နှင့် လက်ကားဝယ်လိုသူများအတွက် အထူးနှုန်းများရှိပါသည်။

ShowRoom & Service Centre အမှတ်(၁၅၁)မြေညီ၊ ဆူးလေဘုရားလမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎: (01) 380475, (01) 240935, (01) 700904

ဆန်စက်လုပ်ငန်းရှင်များ သုံးနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်တို့ ဦးဆောင်၍ အဖွဲ့ဝင် ၃၂ဦးတို့ ပါဝင်သည့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းဝင် ဆန်စက်လုပ်ငန်းရှင်များသည် ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ ဧပြီ ၁၃ရက်မှ ၂၇ရက်အထိ ဆန်စက်များ၊ စပါးအခြောက်ခံစက်၊ ဆန်စပါးသိုလှောင် ကြိတ်ခွဲသည့်လုပ်ငန်းများ၊ ထုတ်ကုန်သွင်းကုန်လုပ်ငန်းများ၊ ဆန်စက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများ၊ စိုက်ပျိုးထုတ်လုပ်သည့် မြေယာများ၊ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို လေ့လာ၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဧပြီ ၁၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အမည်ပြောင်းခြင်း

ဦးအောင်ကြည်ဝင်း၏ သမီး၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း စတုတ္ထတန်း(ခ)မှ မသဇင်ဆွေဝင်းအား မသင်းနန္ဒီဆွေဝင်းဟု ပြောင်းလဲခေါ်ပါရန်။**မသင်းနန္ဒီဆွေဝင်း။**

အမည်ပြောင်းခြင်း

ကျွန်တော် ဦးဟုန်ချန်း [၁၃/လရန(နိုင်)၀၅၁၂၉၂]အား ယနေ့မှစ၍ ဦးဇော်မိုးလွင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

[illegible]

INFORMATICS

THE LEADER IN IT EDUCATION & TRAINING

Yangon: 525971, 296829, 558360, 501450, 200343, 706740, 203188
Mandalay: 02 - 89402, 89403

Purple Train

DCS → ADCS → MORE

A Smart Choice To Save Upto 85% Compared To Oversea Programs!

- Seeking to become IT professions such as IT Specialists, IT Consultant, Software Engineer, Network Engineering, System Programmer, IS Analyst, Application Specialist, etc...?
- Seeking to gain the solid foundation in the IT field?
- Seeking to change your carrer course to the IT field?
- Seeking to know what it takes to be successful in the IT field?

Let's join the challenging course that is the most rewarding!

Enrolling for May Now!

+ Internet Access & E-Mail
+ E-Learning Support
+ Further Studies Counselling
+ Morning, Day, Evening, Weekend Classes, FT or PT
+ Modular System
+ Variety of Advancement Paths
+ Globally Recognized Qualification
+ For Anybody with High School Education

TRADITION OF EXCELLENCE

Diploma in Computer Studies:
@ Networking
@ Programming
@ Multimedia
@ E-Commerce
@ Knowledge Management
|| In-Takes in May, September & January Every Year ||

Advanced Diploma in Computer Studies:
@ General (Focus on Networking)
@ Computer Science (Focus on Application Development & Programming)
@ Web Technology (Focus on E-Commerce & Web Interactivity)
@ Knowledge Management (Focus on Database Design & Oracle Certification)

ရောဝတီတိုင်း မဟာသင်္ကြန်ပွဲတော်ဆုပေးပွဲနှင့် ပိတ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၁၉

ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီက ပုသိမ်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ် မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယိမ်းအဖွဲ့များ၊ ဒေသခံ ပြည်သူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များအား ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြသည်။

ယင်းနောက် သင်္ကြန်ယိမ်းအဖွဲ့များအားဆုများ ချီးမြှင့်ရာ ပထမ၊ ဒုတိယ၊ တတိယနှင့် ဂုဏ်ပြုဆုရအဖွဲ့ များအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဂုဏ်ပြုဆု ဖလားနှင့် ဂုဏ်ပြုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်သိမ်းကြောင်း ကြေညာပြီး ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက မြနန္ဒာသီချင်းအား စုပေါင်းသီဆိုကပြကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ သင်္ကြန်ကာလတစ်လျှောက် ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့ပေါင်း ၃၆ဖွဲ့ ဝင်ရောက် ပါဝင်ဆင်နွှဲ ယှဉ်ပြိုင်ခဲ့ကြသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်ဇနီး ဒေါ်စန်းစန်းမြင့်တို့ ပဥ္စမအကြိမ်မြောက် ပို့ဆောင်ရေးဝန်ကြီးဌာန သက်ကြီးပူဇော်ပွဲတွင် အဘိုးအဘွားများအား ကန်တော့ခံပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။
(ပို့ဆောင်ရေး)

ပို့ဆောင်ရေးဝန်ကြီးဌာန ပဥ္စမအကြိမ် ဘိုးဘွားများပူဇော်ကန်တော့

ရန်ကုန် ဧပြီ ၁၉

ပို့ဆောင်ရေး ဝန်ကြီးဌာန၏ ပဥ္စမအကြိမ်မြောက် အသက်(၈၅)နှစ်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက်ညနေ ၄ နာရီတွင် မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ခမ်းမှာရုံ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်ဇနီး ဒေါ်စန်းစန်းမြင့်၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ အထူးအရာရှိ ဗိုလ်မှူးချုပ် မျိုးတင်၊ ဌာနအကြီးအကဲများ၊ ကန်တော့ခံ ဘိုးဘွားများနှင့် မိသားစုများ တက်ရောက်ကြသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အဘိုး၊အဘွားများအား ဝန်ကြီးအမှူးပြုသော ပရိသတ်က ကန်တော့ကြပြီး ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အထူးအရာရှိနှင့် ဌာနအကြီးအကဲများက ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံ အဘိုး၊အဘွား ၁၆၂ ဦး ကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သပြီး ဝမ်းမြောက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ငပလီကမ်းခြေ ဟိုတယ် တို့၏ ဆောင်ဖွင့်လှစ် ဟိုတယ်/ခရီး ဒုတိယဝန်ကြီးတက်ရောက်

ရန်ကုန် ဧပြီ ၁၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၁၆ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ သံတွဲမြို့သို့ ရောက်ရှိသည်။

ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ငပလီကမ်းခြေဒေသရှိ ဟိုတယ်လုပ်ငန်းပိုင်ရှင်များနှင့်အတူ မြပြင်ကျေးရွာရှိ AMATA Resort and Spa ပဏာမဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် AMATA Resort and Spa အားတည်ဆောက်လုပ်ကိုင်သော United International Group Ltd. မှ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်ကြည် (အငြိမ်းစား)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဟိုတယ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဟိုတယ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြပြင်ကျေးရွာရှိ Sandoway Resort သို့သွားရောက်ကာ Sandoway Villas တို့၏ဆောင်ဖွင့်လှစ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တို့၏ဆောင်အိပ်ခန်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီးပြန်လည်ပြုပြင် တည်ဆောက်ရာတွင်ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီးခေတ်မှ တော်ပြစ်သော လေးမျက်နှာဘုရားကြီးသည်လျှောင် ရာသီဥတုဒဏ်တို့ကြောင့်ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တော ချုံများအုပ်မိုးလျက် အုတ်ပုံကြီးအဖြစ်ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာနခေါင်းဆောင်မှုဖြင့် တကောင်းမြို့ဂေါပက အဖွဲ့က ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင်ကုသိုလ်ရှင်များသဖွယ် ဘုရားဆောက် သန့်ရှင်းပြန်ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ × ၉ × ၃)	–	၄၀/-
ဘိလပ်မြေတစ်အိတ်	–	၄၀၀၀/-
သဲတစ်ကျင်း	–	၆၀၀၀/-
မြစ်ကျောက်(အခဲသေး) တစ်ကျင်း	–	၂၀၀၀၀/-
ထုံး (တစ်အိတ်)	–	၈၀၀၀/-
သံချောင်းပြားတစ်ချပ် (၁၂ × ၁၂)	–	၅၀၀/-

ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) ဖုန်း ၅၄၃၂၈၅၊ ၅၄၃၂၈၃
ရှေးဟောင်းသုတေသနဦးစီးဌာန (ရုံးချုပ်) ဖုန်း ၅၁၂၀၄၃၊ ၅၁၂၀၃၃
ယဉ်ကျေးမှုအမွေအနှစ်စောင့်ရှောက်ရေးဌာနခွဲ (မန္တလေး) ဖုန်း ၀၂ – ၃၆၁၃၆၅၊ ၀၂ – ၃၃၁၅၅
တကောင်းမြို့ လေးမျက်နှာဘုရားဂေါပကအဖွဲ့ရုံး

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကိုပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ရွှေတောင်ကျောင်း မဟာသိမ်တော်ကြီး ရေစက်သွန်းချလှူဒါန်း

သာယာဝတီ ဧပြီ ၁၀

သာယာဝတီမြို့နယ် ဂုံမင်းမြောင်းကျေးရွာ ရွှေတောင်ကျောင်း သိမ်တော်ကြီး ဆောက်လုပ်လှူဒါန်းပွဲကို ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

— တက်ရောက် —

အခမ်းအနားသို့ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင် ZIN YU CHO Trading Co., Ltd. Managing Director ဦးသိန်းထိုက်ဦး–ဒေါ်မျိုးမျိုးမင်း မိသားစုနှင့် ဦးမြင့်လွင် (ရွှေစင်လွင်ရွှေဆိုင်)–ဒေါ်စန်းစန်းယဉ်မိသားစုတို့ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဆုတောင်းဖွင့်လှစ်ပြီး ရွှေတောင်ကျောင်းတိုက် ဆရာတော် ဦးပညာသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရွှေတောင်ကျောင်းတိုက် သိမ်တော်ကြီးအား ZIN YU CHO Trading Co., Ltd. Managing Director ဦးသိန်းထိုက်ဦး–ဒေါ်မျိုးမျိုးမင်း မိသားစုက လှူဒါန်းငွေကျပ် ၃၅ သိန်း၊ ဦးမြင့်လွင်(ရွှေစင်လွင်ရွှေဆိုင်)–ဒေါ်စန်းစန်းယဉ် မိသားစုက ငွေကျပ် ၁၅ သိန်း စုစုပေါင်း ကျပ်သိန်း ၆၀ အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မတ် ၂၄ရက်က သုံးခွမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပုလဲ၏ ၂၀၀၃–၂၀၀၄ခုနှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်ဝေက မချယ်ရီအား အထက်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။

(က–ပ)

ဓနုဖြူမြို့နယ်တွင် စာပေဟောပြောပွဲများကျင်းပ

ဓနုဖြူ ဧပြီ ၁၀

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ဓနုဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဓနုဖြူမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး စာပေဟောပြောပွဲများကို ဓနုဖြူမြို့နယ်အတွင်း လေးနေရာခွဲ၍ ကျင်းပသည်။

မတ် ၂၄ ရက် ညတွင် သပြုကျေးရွာ အုပ်စု၌လည်းကောင်း၊ မတ် ၂၅ ရက်နေ့ ညတွင် စံကင်းကျေးရွာ အုပ်စု၌လည်းကောင်း စာပေဟောပြောပွဲများ ကျင်းပရာ စာရေးဆရာ ဓနုဖြူသန်းဆွေသစ်နှင့် အိကြာကွေးတို့က ဟောပြောကြသည်။

မတ် ၆ ရက် ညတွင် ဓနုဖြူမြို့၌လည်းကောင်း၊ မတ် ၇ ရက် ညတွင် ဆကာကြီးမြို့၌လည်းကောင်း စာပေဟောပြောပွဲများ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ (ဓနုဖြူသန်းဆွေသစ်)က အမှာစကားပြောကြားပြီး စာရေးဆရာ နန္ဒာသိန်းဇံ၊ အဏ္ဏဝါစိုးမိုး၊ သန်းမြင့်အောင်၊ မောင်နေမျိုးတို့က ဟောပြောကြသည်။ **(၁၆၄)**



မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဈေးများမီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ ဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၁၅ရက်က မြို့မဈေး၊ အောင်သာယာဈေး၊ ဆိပ်ကမ်းသာဈေးများ၌ ဆောင်ရွက်ခဲ့ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကလောမြို့နယ် အောင်ပန်း–ပေါ်တုတ် ကျေးလက်ကျောက်ချောလမ်းဖွင့်

ကလော ဧပြီ ၇

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ခဲ့သော အောင်ပန်း–ပေါ်တုတ် ကျေးလက်ကျောက်ချော လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၆ နာရီက အဆိုပါလမ်း မုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တပ်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှက လမ်းနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ် အလံများအား ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုရဲမှူး ဦးမြင့်အေးနှင့် ဦးမြတ်စိုးသို့ ပေးအပ်သည်။

၎င်းနောက် အောင်ပန်း–ပေါ်တုတ် ကျေးလက်ကျောက်ချော လမ်းသစ်အား ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒု–ရဲမှူးဦးမြင့်အေးနှင့် ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အကုန်အကျခံ

အဆိုပါ အောင်ပန်း–ပေါ်တုတ် မြေသားလမ်းသည် အရှည်နှစ်မိုင်၊ အကျယ် ၁၂ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ရန်ပုံငွေကျပ် ၁၀ သိန်း အကုန်အကျခံ၍ လည်းကောင်း၊ ကျောက်ချောလမ်းအရှည်ပေ ၂၅၀၀ ၊ အကျယ် ၁၂ ပေအား အဖွဲ့ ရန်ပုံငွေကျပ် ၂၅၁၉၀၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြလမ်း ငါးလမ်း၊ ပေအရှည် တစ်မိုင် သုံးဖာလုံအား ရန်ပုံငွေကျပ် ၈၀၂၂၀၀၀ ကျခံ၍ လည်းကောင်း၊ ကျေးလက်လမ်း ၁၂ လမ်း၊ အရှည် ၁၃ မိုင် ၅ ဖာလုံအား ရန်ပုံငွေ ၁၄၁ သိန်း အကုန်အကျခံ၍ လည်းကောင်းဖောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်/စည်ပင်)**

မတ် ၂၅ ရက်က ငါန်းဇွန်မြို့နယ် ဂျီကျေးရွာ စက်ရေတွင်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကိုသန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

ချောင်းကူးတံတားနှင့် တွဲဖက်အထက ကျောင်းဆောင်သစ် ပန္နက်တင် အခမ်းအနား ကျင်းပ

ကွမ်းခြံကုန်း ဧပြီ ၈

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်လန်းကျေးရွာ ချောင်းကူးတံတားနှင့် တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ်များ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီခွဲက တည်ဆောက်မည့်မြေနေရာ အသီးသီးတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်အေး၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီး၊ ဦးလွင်ဦး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် အဖွဲ့ဝင်များ၊ ဦးချိုထွန်းနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာအသီးသီးမှ ဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

သန်လျင်မြို့ မြို့ဟောင်း အလက မူလတန်းနှင့် အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မတ် ၂၁ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက အဋ္ဌမတန်းမှ မောင်စည်သူဟိန်းအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(၅၂၇)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ အမက၏၂၀၀၃–၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၉ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးဝင်းနိုင်က မမေသူဇာအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်စဉ်။ (၁၇၂)

ချမ်းမြသာစည်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများဖွင့်

မန္တလေး ဧပြီ ၁၀

ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက် ၈နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ၈၄လမ်းနှင့် ကြေးသွန်းလမ်းထောင့်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများကို မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများကို ဆောင်ရွက်ရာတွင် အရှည် ၂၃၀၃ပေ၊ အကျယ် ၁၄ပေရှိ ၈၄လမ်းအား ငွေကျပ် ၈၄၁၄၄၇၀ အကုန်အကျခံ၍ အကြီးစားပြင်ဆင်ခြင်း၊ အရှည်ပေ ၇၅၀၊ အကျယ် ၁၄ပေရှိ ရွှေစံကိုင်လမ်းအား ငွေကျပ် ၃၈၉၂၀၀၀ အကုန်အကျခံ၍လည်းကောင်း၊ အရှည် ၁၇၁၆ ပေ၊ အကျယ် ၁၄ ပေရှိ ကြေးသွန်းလမ်းအား ငွေကျပ် ၇၁၂၃၄၂၀ အကုန်အကျခံ၍လည်းကောင်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

ပခုက္ကူမြို့နယ် ရေပြာကျေးရွာ လိုင်း ၅၀ပါ တယ်လီဖုန်းအိတ်ချိန်းဖွင့်

ပေါက် မတ် ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ကျေးလက်ဒေသ ဆက်သွယ်ရေးဖွံ့ဖြိုးမှုအစီအစဉ်အရ တတိယအဆင့်အဖြစ် လိုင်း ၅၀ပါ တယ်လီဖုန်းအိတ်ချိန်း ဖွင့်ပွဲအခမ်းအနားကို ပခုက္ကူခရိုင် ပေါက်မြို့နယ် သမားတော်ကျေးရွာအုပ်စု ရေပြာရွာ၌ မတ် ၂၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါ အိတ်ချိန်းရုံးဝင်းတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်အထွေထွေမန်နေဂျာ ဦးသွင်လင်း၊ ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်သိန်းတို့က အမှာစကား ပြောကြားသည်။ ရေပြာရွာ လိုင်း ၅၀ ပါ တယ်လီဖုန်း အိတ်ချိန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဘတင့်က တယ်လီဖုန်း အိတ်ချိန်းဖြစ်မြောက်ရေး အတွက် ဆောင်ရွက်ခဲ့မှုများတင်ပြပြီး လိုင်း ၅၀ ပါ တယ်လီဖုန်းအိတ်ချိန်း စာရင်းဇယားများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပေါက်မြို့နယ် သမားတော်ကျေးရွာအုပ်စု ရေပြာရွာ လိုင်း ၅၀ ပါ တယ်လီဖုန်းအိတ်ချိန်းအား လက်ထောက် အထွေထွေမန်နေဂျာ ဦးသွင်လင်းနှင့် သမားတော်ကျေးရွာ ရပ်ကွက်ဥက္ကဋ္ဌ ဦးဘတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း

ကျောက်တံခါး ဧပြီ ၅

ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မတ် ၂၈ရက် နံနက်က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ စာအောင်သံဃာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စေတနာရှင်ပြည်သူများ၊ ယောဂီဝတ်အသင်းများ တက်ရောက်ပူဇော်ကြသည်။

အခမ်းအနားတွင် ၂၀၀၃ ခုနှစ် ပထမပြန် စာမေးပွဲကို ပဲခူးတိုင်းတွင် ပထမငယ်တန်း၌ ပထမဆုရရှိ အောင်မြင်သော တောင်ခင်ကျေးရွာ မင်္ဂလာအေးရိပ်သာ ကျောင်းတိုက်မှ ရှင်ဓမ္မစာရအရှင်သူမြတ်နှင့် စာအောင်သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက အောင်လက်မှတ်များနှင့် နဝကမ္မဝတ္ထု စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ဆက်ကပ်လှူဒါန်းကြသည်။

(မြို့နယ်ပြည်/ဆက်)

ကျန်းမာရေးဦးစီးဌာနသို့ ထော်လာဂျီယာဥ် လွှဲပြောင်းပေးအပ်

သီပေါ ဧပြီ ၁၁

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ ထော်လာဂျီယာဥ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

ထော်လာဂျီယာဥ် လွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ငွေကျပ် ၁၀သိန်း၊ သီပေါမြို့ ဈေးရပ်မှ ပွဲစားကြီး ဦးအောင်ခင်–ဒေါ်တင်တင် မိသားစုတို့က ငွေကျပ် နှစ်သိန်းနှင့် မြို့ပေါ်စေတနာရှင်များက ထည့်ဝင်ငွေကျပ်ရှစ်သိန်း အပါအဝင် ငွေကျပ် သိန်း၂၀ တန်ဖိုးရှိ ထော်လာဂျီယာဥ်နှင့် စာရွက်စာတမ်း စာရင်းဇယားများကို သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်က ခရိုင်ဆရာဝန်ကြီးဒေါက်တာဦးလှမြင့်ထံ လွှဲပြောင်းပေးအပ်လိုက်သည်။

(၂၄၇)

ရှင်အပါး ၂၀၀ကျော် ရှင်ပြုပွဲကျင်းပ

ပဲခူး ဧပြီ ၉

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အလင်းရောင်(၁) မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာန နာယက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ(ဓမ္မကထိကဗဟုဇနာဟိတဓရ)အား အမှူးထား၍ ဦးဆန်းလွင်–ဒေါ်ခင်အေးမော်(လန်းဆန်းရွှေဆိုင်)မိသားစုတို့က ရှင်အပါး ၁၀၀နှင့် သဒ္ဓါမိက ပါရမီစေတနာရှင်များက ရှင်အပါး ၁၀၀ ကျော် စုစုပေါင်း ရှင်အပါး ၂၀၀ ကျော် ရှင်ပြုမင်္ဂလာအခမ်းအနားကို မတ် ၁၈ ရက်ကကျင်းပရာ နံနက်ပိုင်းတွင် မြို့တွင်းသို့ ရှင်လောင်းလှည့်ကြသည်။ **(အပေါ်ပုံ)**

မတ် ၁၉ ရက်တွင် ဆရာတော်ကြီးများအား သိမ်ထပ်ကံဆင့်မင်္ဂလာပွဲပြုလုပ်ပြီး သိမ်ဆင်းလောင်းလှူပွဲတွင် ပဲခူးတိုင်း ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စေတနာရှင်များ စုပေါင်းသိမ်ဆင်းလောင်းလှူကြသည်။

အဆိုပါ မင်္ဂလာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် မူကြိုမှ သတ္တမတန်းပညာ သင်ကြားလျက်ရှိသော ကလေးငယ် ၈၀၀ ကျော်မှ ရှင်မပြုနိုင်သော ကျောင်းသား ၂၀၀ ကျော်အား ရှင်ပြုပေးပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ သင်ကြားပေးလျက်ရှိသည်။ **(၁၃၂)**

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ ဧပြီ၉ ရက်က ပညာ့ရိပ်သာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာရေပိတ်လွှာလောင်းခြင်းကိုကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားဖွင့်

ဝေါ ဧပြီ ၁၀

ပဲခူးခရိုင် ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာ ငွေကျပ် ၃၇ သိန်းကျော် ကုန်ကျခံဆောက်လုပ်သော ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားဖွင့်ပွဲကို ဧပြီ၆ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးခင်ဇော်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှစိုး၊ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျင်သိန်းတို့က အဖွင့်မိန့်ခွန်းပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

တံတားဖွင့်လှစ်ပွဲတွင် တံတားဖြစ်မြောက် အောင်မြင်မှု အလံများကို မြို့နယ်ဥက္ကဋ္ဌဦးခင်ဇော်မြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးလှစိုးတို့ကလည်းကောင်း၊ ကျေးရွာ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျင်သိန်းက ဖိုးဦးစိန်ကျေးရွာ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှစိုးတို့အား အထိမ်းအမှတ်အလံများ ပေးအပ်သည်။

တက်ရောက်

ဖွင့်ပွဲသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာရှိ ကျောင်းဆောင်ဆောက်လုပ်ရေး ကော်မတီဝင်များ၊ ကျောင်းဆရာ၊ ဆရာမများနှင့်ကျောင်းသူ၊ ကျောင်းသားများ၊ ကျေးရွာသူ၊ရွာသားများ တက်ရောက်ကြကြောင်းသိရသည်။

(၄၅၅)

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် အထက၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို ဧပြီ၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထန်ရှင်းမုန်က အဋ္ဌမတန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်ကို မကျိန်ခန်းကိမ်အား ပေးအပ်စဉ်။ (က–ပ)

အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းကုသ ငွေကျပ်တစ်သိန်း တန်ဖိုးရှိ ဆေးဝါးများလှူဒါန်း

ရေတာရှည် ဧပြီ ၇

ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်များအဖွဲ့သည် မတ် ၂၁ ရက်က ရေတာရှည်မြို့နယ်၊ ဆွာအထက်တန်းကျောင်း၌ ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းနေအောင်၊ ဆွာတိုက်နယ် ဆရာဝန် ဒေါက်တာ မောင်မောင်ထွေးတို့က ပါဝင်အားပေး ကူညီဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားတွင် တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သန်းနှင့် အဖွဲ့က ကျန်းမာရေးပညာပေး ဟောပြောသည်။

ဆက်လက်၍ အထူးကုဆရာဝန်များက ဆွာနှင့် ပတ်ဝန်းကျင်ဒေသမှ လူနာ ၇၄၀ ဦးအား အခမဲ့စမ်းသပ်ကုသပြီး ဆေးဝါးများထောက်ပံ့ရန် အတွက် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီမှ ကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

(က–ပ)

ကတ္တရာလမ်းဖွင့်

မိုင်းဖြတ်မြို့ ဧပြီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဝမ်နောင်စံပြကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ် ဖွင့်ပွဲကို မတ် ၂၁ ရက် နံနက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ကတ္တရာလမ်းသစ်ကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်၊ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုးတို့က လည်းကောင်း၊ ကျေးရွာရုံးသစ် အဆောက်အအုံကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်ကလည်းကောင်း ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်လိုက်သော ကတ္တရာလမ်းသစ်သည် အရှည်ပေ ၃၆၀၀၊ အကျယ် ရှစ်ပေရှိပြီး ကုန်ကျငွေကျပ် ၃၄၂၅၅၀၀ ဖြစ်ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် မတ် ၁၈ ရက်က ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်တင်နှင့် ဝန်ထမ်းများ စိမ့်စမ်းရေ သွယ်ယူဆောင်ရွက်ကြစဉ်။ (၃၃၆)



အိုင်ဝိုင်းကျေးရွာ ကျေးလက်လမ်းဖွင့်

မအူပင် ဧပြီ ၁၀

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အိုင်ဝိုင်းကျေးရွာ ကျေးလက်ကျောက်ချောလမ်း ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၈နာရီခွဲက အဆိုပါ လမ်းထိပ်ရှိ မင်္ဂလာမုခ်ဦးတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားများ အင်အား ၁၂၀၀ ကျော်တက်ရောက်ကြသည်။ အစီအစဉ်အရ တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်ဦးက လမ်းတည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်သောလမ်းသည် ပေအရှည် ၂၅၀၀၊ အကျယ် ၁၂ ပေရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၄သိန်းဖြင့် ဆောင်ရွက်ခဲ့သောလမ်းဖြစ်သည်။

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် မြို့ပြကတ္တရာလမ်း ရှစ်လမ်း၊ အရှည် နှစ်မိုင် ငါးဖာလုံ၊ ကျောက်ချောလမ်း ငါးလမ်း၊ အရှည် သုံးမိုင် နှစ်ဖာလုံ၊ ကျေးလက် ကတ္တရာလမ်း နှစ်လမ်း၊ ကျောက် ခင်းလမ်း သုံးလမ်း၊ မြေသားလမ်း နှစ်လမ်း၊ အရှည် ငါးမိုင် ခုနှစ်ဖာလုံတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

(၃၉)နှစ်မြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ **ဗိုလ်ချုပ်စောထွန်း**နှင့် ချစ်မေမေ **ဒေါ်မြင့်မြင့်ကို**တို့၏ ၂၀၀၄ခုနှစ် ဧပြီလ (၂၀)ရက်နေ့တွင် ကျရောက်သော နှစ်ပတ်လည် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား သမီး၊ ချစ်မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုးများကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက်---။

ချစ်သားသမီးများနှင့်
ချစ်မြေး-ကစ်ကစ်၊ ပုံ့ပုံ၊ ကျော်သီဟထွန်း၊ ကျန်ကျောင်း။

ငွေရတုမင်္ဂလာဆုတောင်း

(၂၀-၄-၂၀၀၄)

ဦးခင်မောင်အေး (မွေး၊ စား၊ နို့လုပ်ငန်း)နှင့်
ဒေါ်ညွန့်တင် (ခ) ဒေါ်နွယ်နွယ် A.E (ပဆင ရုံးချုပ်)

ချစ်သော ဖေကြီးနှင့်မေကြီးတို့၏ (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာမှသည် ပတ္တမြားရတုမင်္ဂလာကိုပင် ကျော်လွန်၍ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ အကျိုးတရားများကို စွမ်းဆောင်ခံစားနိုင်ပါစေ---။

ချစ်သမီးကြီး-ခင်သက်ဝါအေး (လက်ထောက်ကထိက) ME (EP)1st year
ချစ်သမီးငယ်-ခင်စုလှိုင်အေး Kyushu University
ချစ်သားငယ်-အေးကိုဇင် 2nd. MB ဆေး (2)





ငွေရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ ဦးဆွေတင် (ဦးစီးအရာရှိ) အကျဉ်းဦးစီးဌာန၊ မေမေ ဒေါ်ခင်သန်းကြည် (လယ်/ပြ) အမက(၁၅)၊ မြင်းခြံတို့၏ နှစ်ဆန်း (၁)ရက်နေ့တွင် ကျရောက်သော ငွေရတုမင်္ဂလာမှ နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောသမီးတို့နှင့်အတူ ချမ်းမြေ့ပျော်ရွှင်သော မိသားစုဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။

ချစ်သမီးများ-
ခိုင်ဖြူဆွေတင်၊ ဖူးပြည့်စုံဆွေတင်၊ နွယ်နီဆွေတင်။

ချစ်ဦးဦး ဦးဆွေတင်
(တာဝန်ခံအရာရှိ၊ ဗပသရုံး၊ အကျဉ်းဦးစီး)
ချစ်ဒေါ်ဒေါ်လေး ဒေါ်ခင်သန်းကြည်
(အလပြ၊ အမက-၁၅၊ မြင်းခြံ)

တို့၏ နှစ်သစ်ကူးရက်မြတ် ငွေရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သမီးများနှင့်အတူ ဘဝခရီးလမ်းကို ကျန်းမာချမ်းသာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ---။

ချစ်တူမများ-
ချို၊ စိန်၊ ညို၊ ဝင်း၊ တင်တင်နိုင်၊ တင်တင်ခိုင် (MGS)၊ တင်တင်ထွေး (MGS)

ဘုရားစုံပို့ ရွှေကြေးစည်

*တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ကုံလုံ ၆ ရက်
*ပုဂံ၊ ပုပ္ပား၊ စွယ်တော်လေးဆူ၊ အလိုတော်ပြည့် ၄ ရက်
*မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ ၈ ရက်
*ကျိုက္ခမီကဆုန်ပွဲ၊ကျိုက်မရော၊စက်စဲ၊မော်လမြိုင်၊သာမည၊(ကျိုက်ထီးရိုး)၄၊ ၅ရက်
*(ကျိုက်ထီးရိုး) (ဇလွန်ပြည်တော်ပြန်) (ချောင်းသာကမ်းခြေ) ခရီးစဉ်များ

ဧပြီ ၂၃၊ ၃၀ ညထွက်ပါမည်။
ဒေါ်စမ်းစမ်းအောင်၊ ၂၉၂၊ ပန်းဆိုးတန်းလမ်း၊ ဖုန်း-၂၄၀၈၆၀
၂၇၁၊ မင်းနန္ဒာလမ်းမကြီး၊ ဒေါပုံ(သာကေတကျောက်တိုင်အနီး) ၇၀၄၄၂၂၊ ၅၄၇၂၉၅။



ဦးအောင်စိုး အသက်(၄၆)နှစ်

တပ်မတော်(ရေ)(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးလှကြည်) (E.P.C- လက်ထောက် ဘဏ္ဍာရေးမှူး)- [ဒေါ်ကြည် လေး(ခ)ဒေါ်ကျင်တီ] တို့၏ သား၊ ဟင်္သာတမြို့၊ အိပ်ပျက်အုပ်စု၊ အုန်းတော ကျေးရွာနေ ဦးသန်းမောင် (ကျောင်းအုပ်ကြီး၊ ငြိမ်း)-ဒေါ်သန်းသန်း တို့၏သား သမက်၊ ၃/၁က၊ ချယ်ရီလမ်း၊ အပိုင် (၃)၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်နွဲ့နွဲ့ ဌေး၏ခင်ပွန်း၊ ကိုလွင်ဟိန်း-မသန္တာ အောင်စိုး(ခ)သုသု၊ အောင်လင်းဖြိုး (ပ-Eco)၊ ဒုဗိုလ်စည်သူအောင်စိုးတို့၏ ဖခင်၊ အိမ့်မှူးဟန်(ခ)ကူကူ၏ အဘိုးသည် ၁၆-၄-၂၀၀၄နေ့ နံနက် ၆း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၀၄နေ့ ညနေ ၄နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ခိုင် အသက်(၃၂)နှစ်

ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ ကျွန်းတောကုန်းကျေးရွာနေ ဦးအုန်းရွှေ-ဒေါ်မမလေးတို့၏သမီး၊ ဘုရင့်နောင်၊ အုတ်ကျင်းအိမ်ရာနေ တပ်ကြပ်ကြီး သောင်းစိန်-ဒေါ်ခင်လှတို့၏ချွေးမ၊ သာသနာရေးဦးစီးဌာန (ကွမ်းလုံမြို့နယ်) မှ ဦးစီးအရာရှိ ဦးဇော်ဦး၏ဇနီး၊ မမေ ရတနာဦး၏မိခင်သည် ၁၈-၄-၂၀၀၄ ရက်နေ့ ၁း၁၅နာရီတွင်ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၂၂-၄-၂၀၀၄ရက် ကြာသပတေးနေ့ မွန်းလွဲ(၂)နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်ကျော့စိန် (စစ်တွေ) အသက် (၈၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ ခေမာသီလမ်း၊ အမှတ်(၂၉)နေ(ဦးမြသာထွန်း-ဒေါ်ရှင်မ) တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်စောဦး)၊ (ဦးဘိုးထွန်း)-ဒေါ်မမရှီ တို့၏ညီမ၊ ဦးကျော်စိန်-ဒေါ်ဦးမေ၊ (ဦးသန်းစိန်)၊ ဦးလှကြည်-ဒေါ်နှင်းအေးခိုင်(ခ)ဒေါ်ကံကြီး (မင်္ဂလာဈေး)၊ ဦးစံလှကျော်-ဒေါ်သိန်းတင်၊ ဦးကျော်သာ၊ ဦးမင်းဆွေ-ဒေါ်ညိုညို၊ ဦးမောင်တိုး-ဒေါ်ဝင်းဝင်းနု၊ ဦးသန်းဝင်း-ဒေါ်လှအုံးမယ် တို့၏ အဒေါ်၊ မခင်မြမြစိန်၊ (မောင်သူရစိန်)-မမိုးမိုးနွယ်၊ ဒေါက်တာကျော်လှစိန်၊ ကိုမောင်မောင်ထွန်း-မသဇင်စိန်နှင့် မြေး ၁၅ ယောက်တို့၏ အဘောင်ရှင်၊ မြစ်လေးယောက်တို့၏ အဖီးရှင်သည် ၁၇-၄-၂၀၀၄ (စနေနေ့) ညနေ ၂း၄၅ နာရီတွင် သျှင်ပါကူအထူးကု ဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၂၁-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်)

ကျန်ရစ်သူမိသားစု။

ဦးစောလှဖြူ (စစ်တွေ) အသက်(၆၉)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်နေ (ဦးမောင်ထွန်းအောင်-ဒေါ်စံလှခိုင်) (စန်းသော်တာဆေးလိပ်ခုံ)တို့၏သား၊ (ဦးစံမြကျော်-ဒေါ်ညွှင်းဖြူ)တို့၏သား သမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၇၉)၊ (၅လွှာ) စိတ္တသုခလမ်းနေ ဒေါ်မြခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်စောဦး (3/O Lizstar)-ဒေါ်သန်းမြင့်ချေ၊ ကိုအောင်စောထွန်း (J/E MTM Shipping)တို့၏ချစ်လှစွာသော ဖခင်၊ (ဒေါ်ဦးသာမေ-ဦးမြသာ)၊ (ဦးရွှေသာဘန်း)-ဒေါ်ထွေးတင်၊ ဒေါ်ရွှေခိုင်ဖြူ-(ဦးစိန်ညိုထွန်း)၊ ဒေါ်မသာနု-ဦးမောင်ဖြူ၊ (ဦးရွှေစောအောင်)၊ (ဦးရွှေလှဖြူ)-ဒေါ်တင်အောင် တို့၏မောင်/ညီ၊ ဒေါ်စောယဉ်ခိုင်၊ ဦးစောလှအောင်-ဒေါ်အေးမြိုင်(ဒေါ်သိန်းနုခိုင်)၊ ဒေါ်ကျော့နုခိုင်တို့၏အစ်ကိုသည် ၁၈-၄-၂၀၀၄ တနင်္ဂနွေနေ့ နံနက်၆နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၀၄ အင်္ဂါနေ့ ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်) ကျန်ရစ်သူမိသားစု။





ဦးကျော်အေး (၈၅)နှစ်

ကုန်သွယ်ရေး (၂)ငြိမ်း
(လပွတ္တာမြို့)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ(၆)လမ်း(အရှေ့)၊ အမှတ်(၂၂)နေ (ဦးဘိုးသာ–ဒေါ်ညွန့်)တို့၏သား၊ (ဒေါ်အုန်းရှင်)၏ခင်ပွန်း၊ (ကိုစောအောင်)၊ကိုကျော်ဝင်း(စက်မှု–၁၊ စက်ဘီးစက်ရုံ)–မချိုမာအေး၊ ကိုခင်ဦး (NLM)–မခင်နွဲ့(ကြေးမုံသတင်းစာတိုက်)၊ ကိုသန်းဦး (မြန်မာ့အလင်း သတင်းစာတိုက်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်သန်းဇော်(မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သံတွဲမြို့)–မစန်းစန်းဝင်း၊ မောင်ဝင်းဇော်–မကြည်ထွေး၊ မောင်တင့်ဇော်–မဥမ္မာ၊ မောင်မြင့်ဇော်(မြဝတီရုပ်မြင်သံကြား)–မသန်းသန်း၊ မောင်ညွန့်ဇော်၊ မောင်ထွန်းထွန်းဇော်၊ မောင်မောင်သီဟ၊ မဆွေသွင်ဦးတို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့)ည ၈း၂၀နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀–၄–၂၀၀၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေ အပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဒေါက်တာခင်မောင်လတ်(ခ)ဦးကျင်တိတ်

အသက်(၆၅)နှစ်
(တိုက်ကြီး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ အမှတ်(၅၁)နေ (ဦးဘချူး–ဒေါ်ခင်စော)တို့၏သား၊ (ဦးဖိုးယား–ဒေါ်ရှုကီ)တို့၏သားသမက်၊ (ဦးရန်းဝှက်–ဒေါ်အော)၊ (ဦးရောက်တန်း–ဒေါ်ကျင်ဝမ်)၊ ဦးအောင်ရွှေ–ဒေါ်ရှုပ်ဗှာ၊ ဦးကျင်ရှိန်–ဒေါ်တင်စိန်၊ ဦးယုရုံ–(ဒေါ်တင်ကြည်)၊ ဦးလှမြင့်–(ဒေါ်မြင့်)၊ ဒေါ်သန်းလွင်၊ ဒေါ်ကျင်သိန်းတို့၏ညီ/မောင်၊ ဒေါ်ရိုစလင်း(ခ)ဒေါ်ခင်နှင်းအေး၏ ချစ်လှစွာသော ခင်ပွန်း၊ကိုလင်းအောင်သက်–မသစ်သစ်ဦး၊ Dr.မိမိသက် (အလုပ်သမားဆေးရုံကြီး) တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၉–၄–၂၀၀၄ (တနင်္လာနေ့) နံနက် ဝ၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်ရစ်သောအရိုးပြာကို တိုက်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၉နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်ရီ (၆၈)နှစ်

(ကျေးတောရွာ၊ တောင်ငူမြို့)

စီးပွားရေးစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (EMBA) သင်တန်း 1st batch မှ ဦးသောင်းကြိုင်(ညွှန်ကြားရေးမှူး၊ SECD)၏မိခင် ဒေါ်ညွန့်ရီသည် ၁၇–၄–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဌာနမှူး၊ ပါမောက္ခနှင့် ကျောင်းသူ/သားများ
စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်။

လွမ်းဆွတ်ကြေကွဲခြင်း

မေတ္တာတရားကြီးမားလှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ထွန်း ၁၄–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် နှမြောတမ်းတလွမ်းဆွတ်ကြေကွဲရပြီး ဖခင်ကြီးအား ရည်စူး၍ လှူဒါန်းမှုအစုစုကို ရောက်ရာ၊ ကောင်းရာ၊ မွန်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ ဇနီး၊ သား၊သမီး၊မြေး၊မြစ်တစ်စု။

ဝမ်းနည်းကြေကွဲခြင်း

သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး

ဦးတင်ထွန်း(၆၄)နှစ်

ကိုတင်ဇော်ထွန်း၊ ကိုအောင်ဇော်ထွန်း (Victoria Steamship Co;) တို့၏ဖခင် ဦးတင်ထွန်းသည် ၁၄–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ (Victoria Steamship)

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းထွန်း (၄၉)နှစ်

ဦးသိန်းထွန်း (မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ)သည် ၁၈–၄–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ St. John' 74 (အထက–၁၊ လမ်းမတော်/စိန့်ဂျွန်း)

ကျောင်းသားဟောင်းများ။

ဦးအုံးဖေ(ခ) ဦးပါကြီး

အသက် (၉၀)
အပေါင်၊ ကွဲခြိ
အငြိမ်းစားကထိက
စက်မှုလက်မှုနည်းပြ
ဆရာအတတ်သင်သိပ္ပံ (ရန်ကင်း)
ဆရာအတတ်သင်သိပ္ပံ နှစ်(၅၀)ပြည့်
ကန်တော့ခံဆရာကြီး
GTI နှစ်တစ်ရာပြည့်
ကန်တော့ခံဆရာကြီး

အပေါင်ကွဲခြိနေ(ဦးဘိုးရင်–ဒေါ်သိန်းခင်)တို့၏သား၊ ဦးဘိုးထွန်း၊ ဦးထွန်းလွင်၊ ဦးသိန်း–ဒေါ်သင်းမေ၊ ဒေါ်ကြည်နှစ်၊ ဒေါ်အုံးမေတို့၏ ညီ/မောင်၊မြို့ပြသ/မအိမ်ရာဝင်း ရွာမအနောက် အင်းစိန်နေ ဦးတင်အုန်း (CECC/Asia Express Co.Ltd)–ဒေါ်သန်းသန်းဝင်း (CECC)၊ (ဦးကြည်ဝင်း)–ဒေါ်သန်းသန်းမြင့်တို့၏ဖခင်၊ (ဒေါ်သွယ်)၏ ခင်ပွန်း၊ ဦးသက်ဦး (မျိုးသဟာကုမ္ပဏီ)–ဒေါ်ညွန့်ညွန့်ဝေ (CECC)၊ မတေဇာထိုက်(Asia Express)၊ မောင်အောင်ကိုကို (GTC)၊ မောင်ကျော်နိုင်ဝင်း၊ မမာမာဝင်း၊ မောင်ကျော်သူရဝင်း၊ မဇင်မာဝင်းတို့၏ အဘိုး၊ မြစ်ခြောက်ယောက်တို့၏ အဘေးသည် ၁၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၆–၄–၂၀၀၄ (သောကြာနေ့)တွင် ထိန်ပင် သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါ၍ ၂၁–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သူအား ရည်စူး၍ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ရပ်နီး ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

Nu Niang Za Man (Hai Ciin)

အသက်(၆၆)နှစ်

ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ ကျီခါးမြို့နယ်ခွဲ၊ ဟိုင်ကျင်းရွာနေ (Pu Lt.Kai Za Da-Pi Niang Khaw Zam) တို့၏သမီးကြီး၊ (Pu Thang Za Cin-Pi Ning Khaw Cing) တို့၏ ချွေးမ၊ Pa Cin Khen Pau- Pi Ciin Go Ning၊ Nu Niang Khaw Lian-Pa Thawng Za Tuan၊ Pa Laang Cin Kham တို့၏အစ်မ၊ Pa C.Thang Za Tuan (ဒု–ညွှန်ချုပ်၊ အခြေခံပညာ–၃)၊ Nu Cin Khan Lun တို့၏မရီး၊ Lia Cing Lian Vung၊ Nu Niang Hau Mang (မြို့နယ်စာတင်းရုံး–ဟားခါး)၊ Pa Gin Lam Cin (ပြည်နယ်လျှပ်စစ်ရုံး)၊ Lia Pau Siam Cing (ဟိုတယ်ခရီး)၊ Tg Cin Zo Kim၊ Lia Zam Do Niang (Crocodile garment) တို့၏ မိခင်၊ Tg.Mang Than Tuang(IX) std၊ Tg Lal Len Singh (VII)std၊ Tg.En Pian Sum (II) stdတို့၏အဘွား၊ (Pa Laang Cin Lai Flight Sergent (ကာကွယ်ရေးဦးစီးချုပ်ရုံး–လေ)၏ဇနီး Na Niang Za Manသည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀–၄–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကားများ–ဓမ္မာနွေလ ဘုရားကျောင်းရှေ့နှင့် အမှတ် ၅/၆၁(ခ)ပတ္တမြားလမ်း၊ ထန်းခြောက်ပင်ကွေ့၊ ရွှေပြည်သာနေအိမ်တို့မှ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်အေးကြည် (၉၂)နှစ်

(ကျုံမငေး)

ကျုံမငေးမြို့၊ ကမ်းနားလမ်းနေ (ဦးရှုန်ငန်း)၏ ဇနီး၊ အမှတ် (၇၄၀)၊ စစ်တွေလမ်း၊ ပင်လုံဈေး၊ လှိုင်သာယာမြို့နေ ဦးသန်းဝင်း–ဒေါ်ကျင်အေး၊ ဒေါ်ကျွိစိန် (အထက–၁၊ စမ်းချောင်း)၊ ဒေါ်ခင်လှဝေ၊ ဦးကျော်နိုင်–ဒေါ်ရီရီမြင့်၊ (ဒေါ်ခင်မာဝင်း)တို့၏ မိခင်ကြီးသည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့)ညနေ ၅း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ် (၇၄၀) စစ်တွေလမ်း ပင်လုံဈေး လှိုင်သာယာမြို့ နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ချို (ချိုကြီး)

အသက် (၇၂)နှစ်
(ဝါးခယ်မ–မအူပင်)

ဝါးခယ်မမြို့နေ (ဦးမောင်မောင်ကြီး–ဒေါ်မြရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ တိုက် (၆)၊ အခန်း (၆)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ (ဒေါ်ခင်မေရီ။ဆသရ၊ ရုံးချုပ်)၏ ခင်ပွန်း၊ (ဦးကြည်မောင်–ဒေါ်တင်တင်ညွန့်)၊ (ဦးကျော်မြင့်)–ဒေါ်ကြည်စိန်၊ ဦးတင်မြင့်(ညိုကြီး) – ဒေါ်အုန်းရှင်၊ (ဦးသံဒိုင်–ဒေါ်သိန်းသိန်း)၊ (ဦးတင်လှ၊ ဒုရဲမှူး၊ ငြိမ်း)တို့၏ ညီ/မောင်၊ ဦးတင်စိုး (မြို့နယ်ပညာရေးမှူး၊ မိုင်းယောင်းမြို့)–ဒေါ်ခင်မာလာချို၊ (ဦးကြည်အေး၊ဒုရဲမှူး၊ ညောင်ဦး)–ဒေါ်ခင်သီတာချို၊ ဦးမြတ်ကိုကို၊ ဦးတင်ကိုကို (T/T Star Trader)–မမြတ်ကြည်သန်း၊ ဦးမောင်မောင် (Resource Piling Singapore)–ဒေါ်လွဲလွဲဝင်းတို့၏ မွေးသဖခင်၊ ဦးခင်မောင်ချို (ချိုကြီး)သည် ၁၈–၄–၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၅း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောအထူးကုဌာနဆောင်၌ ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ငွေ(ခ)ဒို့နီလာဝင်း

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းကွက်သစ်၊ (၁)လမ်း၊ အမှတ် (၁၆)နေ (ဦးအုန်းမောင်–ဒေါ်တင်မြ) တို့၏ သား၊ ဒေါ်အေးရီ၏ခင်ပွန်း၊ ဦးခင်မောင်ဦး–ဒေါ်ရီရီငွေ၊ ဦးအေးနိုင်–ဒေါ်မြင့်မြင့်မော်၊ ဦးအေးသိန်း–ဒေါ်အေးအေးမော်၊ ဦးစိန်လှမောင်–ဒေါ်ဝင်းဝင်းတင်၊ မသင်းသင်းအောင်၊ မသက်သက်ဦး၊ မောင်အောင်မြင့်ဦးတို့၏ မွေးသဖခင်၊ မြေး၁၀ယောက်တို့၏ အဘိုးသည် ၁၉–၄–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၂၁–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ရွှေ (၅၄)နှစ်

(ရေးမြို့)

ရေးမြို့၊ အောင်သုခရပ်ကွက်နေ ဦးပုလု–(ဒေါ်မြတင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ဆရာစံတောင်ရပ်ကွက် ငွေလရောင်လမ်း၊ အမှတ်(၂၀)နေ ဦးအောင်ဝင်း(ခ)ဦးစွမ်း၏ဇနီး၊ ဦးသန်းစိုး–ဒေါ်အေးအေးမိုး၊ ဦးသန်းအေး–မငယ်လေး၊ ဦးဆန်းလွင်–မခိုင်မာထွေးတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၂၁–၄–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အုန်းမြင့် (၅၃)နှစ်

ရန်ကုန်မြို့၊အမှတ်(၁)၊ဈေးလမ်းနေ ဦးမြတ်ချို၏ ဇနီး၊ မောင်မြတ်သူ(ဒု–ဦးစီးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)၊ ကိုမြင့်အောင်–မခင်မာလာချို၊ မောင်ဇင်ကိုကို၊ မဟေမာန်မြတ်ချိုတို့၏ မိခင် ဒေါ်ခင်အုန်းမြင့်သည် ၁၉–၄–၂၀၀၄ရက်နံနက် ၁၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁–၄–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရှုတင် (၇၇)နှစ်

(မြိတ်မြို့)

အမှတ်(၂၄၄)၊ ကန်ဖျားရပ်၊ မြေနီလမ်းနေ (ဦးအင်းခင်)၏ဇနီး၊ ဦးမြင့်ဆွေ–ဒေါ်သန်းကြည်၊ ဦးတင်ရှိန်–ဒေါ်နုနုငွေ၊ ဒေါ်သိန်းရီ၊ ဦးထွန်းနီ–ဒေါ်ပိုကြည်၊ ဦးအကျင်–ဒေါ်စိန်သန်း၊ ဒေါ်မွေအင်၊ ဒေါ်ကွီးအင်၊ ဦးစိန်လွင်–ဒေါ်စီစီဝင်း (လမင်းစန္ဒာတီဗွီ/ဗီဒီယို ရောင်းဝယ်ရေး၊ ရန်ကုန်)တို့၏ ချစ်လှစွာသော မိခင်၊ မြေး၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၁–၄–၂၀၀၄ရက် နံနက် ၆း၃၇နာရီတွင် နေအိမ်၌ကွယ်လွန်ပါ၍ ၁၃–၄–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ဂီဟင်သုသာန်(ကလွင်)သို့ ပို့ဆောင်ဂူသွင်းပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိကြောင်း
သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာ

ဦးတင်ထွန်း (၆၄)နှစ်

တပ်မတော်–(ရေ) ငြိမ်း
စစ်မှုထမ်းဟောင်း (ပုဇွန်တောင်မြို့နယ်)

ရန်ကုန်မြို့၊ အမှတ် ၂၂ (A)၊ မဟာဗျေယျလမ်း၊ (၇)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်နေ ဒေါ်တင်လှ၏ ချစ်လှစွာသောခင်ပွန်း၊ကိုမြင့်ရွှေ(Franco Co,)–မကြည်ကြည်ဝင်း၊ ဗိုလ်မှူးမင်းရွှေ(ကက–ကြည်း၊သုတေသန)–မဇာနီဝင်း၊ ကိုတင်ဇော်ထွန်း (Victoria Steamship Co;)– မအေးသီတာ၊ ကိုအောင်ဇော်ထွန်း (Victoria Steamship Co;)၊တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်ဇင်မျိုးကျော်၊ မောင်စံချိန်ထွန်းတို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးတင်ထွန်းသည် ၁၄–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍၁၆–၄–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ဈာပနအခမ်းအနားအား အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကက–ကြည်း–သုတေသနဌာန၊ Victoria Stemship Co;မှလုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများနှင့်မိသားစုများ၊မိုးကုတ်ရိပ်သာမှ ဓမ္မမိတ်ဆွေများ၊ (၇)ရပ်ကွက်မှ ရပ်မိရပ်ဖများနှင့် လမ်းသူလမ်းသားများ၊ ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်လေး အသက်(၇၀)

ဆက်သွယ်ရေးတပ် (အငြိမ်းစား)
(ကျိုက်ထို)

ကျိုက်ထိုမြို့နေ (ဦးမောင်လေး–ဒေါ်ညိုမြ)တို့၏ သား၊ (ဒေါ်လုံးတင်)၊ ဒေါ်လုံးခင်တို့၏ မောင်၊ ဒေါ်တင်ကြည်၏ အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၁)ရပ်ကွက်၊(၇)လမ်း၊အမှတ်(၁၄၄/၂)နေ ဒေါ်အေးကြည်၏ ခင်ပွန်း၊ ဦးတင်ဦး–ဒေါ်အေးအေး၊ ဦးသိန်းတန်–ဒေါ်စန်းစန်းဝင်း၊ ဦးလှဝင်း–ဒေါ်ငွေငွေ၊ (ဦးစိုးဟန်)–ဒေါ်သင်းသင်းခိုင်၊ ဦးစိုးထွန်း–ဒေါ်တင်တင်ငွေ၊ ဦးသိန်းဇော်–ဒေါ်ဖြူဖြူထွေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၁၉–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၁–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းဝင်း (၄၅)နှစ်

(ပုသိမ်)

ပုသိမ်မြို့၊ကန်ကြီးထောင့်နေ (ဦးထွန်းရင်–ဒေါ်ဖွားစိန်)၊ (ဆား ဦးထွန်းစိန်–ဒေါ်မမလေး)တို့၏ မြေး၊ (ဦးသောင်းကြည်)–ဒေါ်ခင်မေတို့၏ သား၊ ဒေါ်နုနုရီ၊ ဦးခင်ထွန်း–ဒေါ်စန်းစန်းဝင်း၊ ဦးမျိုးသိန်း၊ ဦးသိန်းထွန်း–ဒေါ်မာမာဝင်း (Universal Bank) တို့၏ ညီ/မောင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာစောပြုံးနိုင် (ပထဝီဝင်ဌာန)–ဒေါ်ခင်ဥမ္မာ ထွေးတို့၏ အစ်ကို၊ မောင်ငြိမ်းချမ်းနိုင် (အာနီး)၏ ဖခင်သည်၁၈–၄–၂၀၀၄ရက်တွင် အမှတ် (၅၁)၊ ၃လွှာ၊၈၇လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

ကိုတင်အောင်လွင်(၃၄) နှစ်

B.Sc, Maths

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂၉)ရပ်ကွက်၊ အမှတ်(၃၁၃)၊ မြို့ပတ်လမ်းသွယ်(၃)နေ ဦးခွန်စောလွင်–ဒေါ်သန်းစောတို့၏သား၊ ကိုပေါ်လွင်သိန်း–မဝါဝါလွင်တို့၏ ညီ/မောင်၊ကိုတင်မောင်လွင် – မချောစုဝင်း၊ ကိုညီညီလွင်–မခင်သန့်ထွေးတို့၏ အစ်ကို၊ တူ၊ တူမနှစ်ယောက်တို့၏ဦးလေးသည် ၁၉–၄–၂၀၀၄ ရက် နံနက်တွင် ကွယ်လွန်ပါ၍ ၂၁–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

မောင်ကျော်ဦး (၂၅)နှစ်

B.Sc, (Math)

သဃ်န်းကျွန်းမြို့နေ ဦးကျော်သောင်း–ဒေါ်ခင်စိန်၊ ဖောင်တော်သီမြို့နေ (ဦးအုန်းမောင်–ဒေါ်သန်း)တို့၏မြေး၊ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၇၅)နေ ဦးအုန်းကျော်–ဒေါ်ရင်စိန်တို့၏ သား၊ ဦးသန်းဦး–ဒေါ်စန်းငွေးတို့၏ ညီ/မောင်၊ မောင်တင်မောင်ထွေး (2nd Eco)–မောင်မင်းသူ (1st Math) တို့၏ အစ်ကိုသည် ၁၉–၄–၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၁–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းတင်(ခ)ဒေါ်သန်း

အသက် (၉၁) နှစ်
မြောင်းမြမြို့ (ဒရယ်ပေါက်)

မြောင်းမြမြို့နယ်၊ ဒရယ်ပေါက်ကျေးရွာနေ (ဦးဖိုးထွား–ဒေါ်ငွေအောင်)တို့၏ သမီး၊ (ဦးချစ်ဖေ)၏ဇနီး၊ (ဦးရွှေထွန်း–ဒေါ်တင်မြင့်)၊ ဦးထွန်းဝင်း–ဒေါ်ခင်တင့်တို့၏ မွေးသမိခင်၊ ဦးမြင့်ဦး–ဒေါ်လှကြည်၊ ဦးစိန်ဝင်း–ဒေါ်မြင့်မြင့်ခင်၊ ဦးမြင့်ဆွေ၊ ဦးအေးဆွေ၊ ဦးတင်ဝင်း–ဒေါ်သန်းငွေ၊ (မမြင့်မြင့်နွယ်)၊ ဦးဝင်းငွေ–ဒေါ်ငွေငွေခိုင်၊ ဒေါ်ခင်လေးမွန် (အမက–၁၊ ဒဂုံဆိပ်ကမ်း)၊ ဒေါ်ခင်ဆွေမွန် (ထိပ်ထားအလုပ်ပြုပြင်ရေး)၊ ဒေါ်သီတာဝင်း (အမက–၁၊ဒဂုံ/တောင်)၊ ဦးဝင်းဇော်ထွန်း–ဒေါ်ခင်မာဝင်း၊ ဦးမင်းခိုင်ထွန်း(မလေးရှား)၊ ဦးကျော်လင်းထွန်း (ရွှေမေတ္တာ)၊ ဦးရဲခေါင်ထွန်း (ပြည်တွင်း/အခွန်)တို့၏ အဘွား၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈–၄–၂၀၀၄ ရက် တွင် ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) တွင် ဒရယ်ပေါက်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး

လီချန်ဖိုး(ခ)ဦးကြည်လွင်

အသက်(၈၂)နှစ်
ညွန့် ယိုစုံလုပ်ငန်း
(အလုံ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ဆင်ရေကန်လမ်း၊ အမှတ်(၄၀)၊ မြေညီထပ်နေ (လီယုန်ခင်–ချင်ရီ)တို့၏ သား၊ (လီချွန်မြင့်)၊လီချွန်ကျ–ချွန်ဗေ့တို့၏ အစ်ကိုကြီး၊ ဒေါ်ညွန့်(ညွန့် ယိုစုံလုပ်ငန်း)၏ခင်ပွန်း၊ ဦးအောင်သင်း၊ ဦးရဲနောင်–ဒေါ်မိမိမာ၊ ဦးဇော်လွင်–ဒေါ်စန်းစန်းကြည်၊ ဦးကြည်လင်၊ ဦးဝင်းလွင်–ဒေါ်ခင်ခင်အေး၊ ဦးညီညီအောင်၊ ဒေါ်တင်တင်ထွေးတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၈–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ရက်နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ယူနန်တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးညီညီအောင်

(မန္တလေး)
B.V.S
အသက် (၄၂)နှစ်

မန္တလေးမြို့၊ ၃၂ လမ်း၊ ရန်မျိုးလုံရပ်နေ(ဦးစန်းနွယ်)–ဒေါ်တင်တင်တို့၏သား၊ ၈၁ လမ်း၊ (၁၃x၁၄) လမ်းကြားနေ ဦးသောင်းရင်–ဒေါ်စန်းတို့၏ သမက်၊ ရဲအုပ်အေးကို၊ ဒေါ်ခင်မြဝင်း၊ ဒေါ်ရည်ရည်အောင် (ပါမောက္ခ၊ ရှေးဟောင်းသုတေသနဌာန YU)၊ ဦးသန်းနိုင်(ဦးစီးအရာရှိ၊ ရှေ့နေချုပ်ရုံး) ဒေါ်တင့်တင့်ထူး၊ ဦးကျော်စိုး–ဒေါက်တာကြည်ကြည်ခိုင် (မိခင်/ကလေး မလှိုင်)၊ ဒေါ်မူမူအောင် (အထပြ၊ အထက–၁၆ မန်း)တို့၏ ညီ/မောင်၊ ဒေါ်နီနီအေး(အမက–၃၄၊ မန်း)၏ ခင်ပွန်း၊ မခိုင်စုညီညီ၏ မွေးသဖခင် ဦးညီညီအောင်သည် ၁၉–၄–၂၀၀၄ရက် ည ၉း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး အသည်းရောဂါဌာနတွင် ကွယ်လွန်ပါ၍ ၂၁–၄–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းခင် (၉၁)နှစ်

မြန်အောင်ကျခတ္တန်းကျေးရွာ

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း (ကြက်တန်း)၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၁၇၂)၊ သာသနာ့ဝေပုလ္လတိုက်အုပ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဦးကဝိသာရ၏ မယ်တော် ဒေါ်အုန်းခင်သည် ၁၉–၄–၂၀၀၄ရက်မွန်းလွဲ ၃း၁၅နာရီတွင် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၁၇၂)တွင် ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ရက် ညနေ ၄နာရီတွင် မိုးကုတ်ရိပ်သာမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မိုးကုတ်ရိပ်သာမှ ကားများ ညနေ၃နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးဝင်း (၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ခြံအမှတ်(၉)နေ [ဦးလွင်(ခ)ဦးချူလွင်–ဒေါ်ကျင်ရန်]တို့၏ သားထွေး၊ (ဦးဖိုးယား–ဒေါ်ယုကမ်)တို့၏ သားသမက်၊ ဒေါ်ခင်အေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးဇော်လတ်–မခင်သန္တာအောင်၊ ကိုမောင်မောင်ထွေး–မမျိုးယဉ်မင်း၊ မောင်မျိုးဇော်ထွဋ်၊ မမျိုးယုမင်း၊ မောင်မျိုးဇော်ထက်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးရင် (သိပ္ပံစိုးရင်)

အသက်(၈၆)နှစ်
တွဲဖက် အတွင်းဝန်
ပြည်ထဲရေး(ငြိမ်း)
B.A,B.C.S, (S.G);
U.N: Fellow (London)
ကန်တော့ခံ သက်ကြီးစာပေပညာရှင်

အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ (ခ–၂)လမ်း၊ အမှတ်(၄၁)နေ၊ (ဦးဘမောင်–ဒေါ်မြစိန်)တို့၏ သားကြီး၊ (ဦးစံညွန့်–ဒေါ်နု)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်စိန်၏ ခင်ပွန်း၊ (ဦးမြင့်ဦး–ဒေါ်စန္ဒာစိုးရင်)၊ ဦးမင်းသူ (A/B, Uniteam Co.,Ltd.)–ဒေါ်ကလျာစိုးရင်၊ ဦးမြင့်စိုး (ဦးစီးအရာရှိ၊ ပဲခူးတိုင်း၊ အနောက်ပိုင်းတရားရုံး) – ဒေါ်ကြေးမုံစိုးရင်၊ ဒေါ်မာမာစိုးရင် (ဒု–မြို့နယ်တရားသူကြီး၊ဝါးခယ်မမြို့)၊ ဦးစိန်အောင် (ရွှေထိပ်ကမ္ဘာ မှန်နှင့် အလူမီနီယံလုပ်ငန်း)–ဒေါ်မြတ်မြတ်စိုးရင် (M.Sc Engineering Physics Year-1)၊ ဦးသူရစိုးရင်တို့၏ ကျေးဇူးရှင် မွေးသဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၈–၄–၂၀၀၄ရက် ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သိန်းညွန့် (၈၁)နှစ်

(တွံတေး)

ရန်ကုန်တိုင်း၊ တွံတေးမြို့၊ အုန်းပင်စုရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(အ/၃၈)နေ (ဦးဘိုးညဏ်– ဒေါ်သက်စု) တို့၏ သမီး၊(ဦးဘိုးမို)၏ဇနီး၊ ဦးခင်စိန်–ဒေါ်ခင်စန်းဝေ(မဝေစတိုး)၊ ဦးခင်မြင့် (အား/ကာ) – ဒေါ်ကျင်ထွေးရီ (ပန်းချယ်ရီစတိုး)တို့၏မိခင်၊ မြေးလေးယောက်၊မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၉–၄–၂၀၀၄ရက်နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တွံတေးမြို့ အိုးဘိုသုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကိုမင်းမင်းထွန်း(ဗန်ဒို)

အသက်(၃၆)နှစ်
(အလုံ)

ရန်ကုန်မြို့၊ အမှတ်(၁၅၈)၊ အလုံလမ်းနေ ဦးထွန်းအောင်–(ဒေါ်ညွန့်မြိုင်)၊ (ဒေါ်မြကြည်)တို့၏ မြေး၊ ဦးတင်လှ (စွမ်းအင်ဝန်ကြီးဌာန၊ငြိမ်း)–(ဒေါ်ရီခင်)တို့၏ သား၊ ဦးသန်းထွန်း–ဒေါ်ရီသန်း၊ ဦးကျော်နီ–ဒေါ်ရီစန်း၊ ဦးမြင့်စိန်–ဒေါ်ခင်ဆွေအေးတို့၏တူ၊ ရန်ကုန်မြို့၊ အမှတ် (၉၂/က)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်နေ ဦးအေးမောင်–ဒေါ်အေးသန်းတို့၏ သားသမက်၊ မတင်တင်ဦး(လ/ထ ကထိက၊ရုက္ခဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၏ခင်ပွန်း၊ မခိုင်ဇာသွယ် (စတုတ္ထတန်း–က၊ TTC)၏မွေးသဖခင်သည် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ၁၈–၄–၂၀၀၄ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀–၄–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘမြင့် (၂) အသက်(၇၀)

ဦးစီးအရာရှိ(ငြိမ်း)အကောက်ခွန်ဦးစီးဌာန
(ရေနံချောင်း)

ရန်ကုန်မြို့နေ(ဦးဘိုးကွန်း–ဒေါ်ညီမ)တို့၏ သားထွေး၊ (ဦးမောင်မောင်အေး–ဒေါ်ခင်ခင်ရီ)တို့၏ သားသမက်၊ (ဒေါ်ကြင်ကြင်)၊(ဒေါ်ရီရီ)၊ (ဦးတင်ရှိန်–ဒေါ်တင်တင်)–(ဦးအေး)တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်း၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၈၄)နေ ဒေါ်ခင်မြအေး (ပြည်တွင်းအခွန်များဦးစီးဌာန၊ငြိမ်း)၏ ခင်ပွန်း၊ ဦးချစ်ဆွေ (လ/ထ ညွှန်မှူး၊ ငြိမ်း၊ပတခ)–ဒေါ်မေသင်းနွယ် (လ/၅ မရမ်းကုန်း)၊ (ဦးသိန်းသန်း)–ဒေါ်အေးအေးမြင့်၊ ဦးဇော်လင်း၊ (ဦးသူရ)–ဒေါ်ခင်စိုးသူ၊ ဦးရွှေဝင်း–ဒေါ်သီတာ၊ ဦးသန်းဝင်း – ဒေါ်လှမြတ်သီဂီတို့၏ မွေးသဖခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ် ယောက်တို့၏ အဘိုးသည် ၁၈–၄–၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊
ရဟန်းဒါယိကာမ

မိစန်းစန်းချို

အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၁၄၆)၊ ဇေယျာသုခလမ်းနေ (နိုင်ရေခဲ)–မိစိန်ဒါန်တို့၏ သမီး၊ နိုင်တင်ဖေ(စိန်သုံးလုံးကားပစ္စည်းဆိုင်၊ ဘုရင့်နောင်ဈေး)၏ ဇနီး၊ မင်းဗညားကျော်စွာ၊ မင်းအောင်မွန်ချမ်း၊ မိအင်ကြင်းမွန်၊ မင်းညဏ်သိုင်း၊ မင်းသိုက်ညဏ်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင် မိစန်းစန်းချိုသည် ၁၈–၄–၂၀၀၄ရက် နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဆရာဦးသိန်းထွန်း(၄၉)နှစ်

(စမ်းချောင်း)

(ဦးမြသန်း–ဒေါ်ခင်မြ)တို့၏ သားထွေး၊ ဗိုလ်မှူးမြသန်း(ငြိမ်း)–ဒေါ်မြမြတို့၏ သားသမက်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ၊ သီရိသုဓမ္မမဏိဇောတဓရ ဆရာကြီးဦးဉာဏ်လွင်–ဒေါ်ငွေငွေတို့၏ မောင်၊ ဗိုလ်မှူးချစ်ညွန့် (ခရိုင်အတွင်းရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်)၊ ဒေါ်ဝင်းကြည်၊ ဦးလှမြင့်၊ ဦးအေးကျော်(ငြိမ်းချမ်းရေးယာဉ်လိုင်း)–ဒေါ်ခင်စိုးညွန့်တို့၏ ညီ၊ ဒေါ်ချိုချိုဆင့် (ရွှေကြိုးကြာနှင့် ဒုံးပျံဆေးတိုက်)၏ ခင်ပွန်း၊မောင်ကွန်းဇော်ထွန်း (ရေကြောင်းသိပ္ပံ)၊ မောင်ရဲမာန်ထွန်း(TTC)၊ မသန္တာနီထွန်းတို့၏ မွေးသဖခင် တိုင်းရင်းဆေးဆရာ ဦးသိန်းထွန်းသည် ၁၈–၄–၂၀၀၄ရက် ည ၈း၁၅နာရီတွင် မဟာမြိုင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၀–၄–၂၀၀၄ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ် (၈၉)၊ ကျွန်းတောလမ်း၊ စမ်းချောင်း နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များအနေဖြင့် ယခင်ကကဲ့သို့အစုအဖွဲ့(၈)ဖွဲ့ဖြစ်

ယင်းအစုအဖွဲ့တို့တွင် တိုင်းရင်းသားများကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ်အများစုပါဝင်

✻ ရွှေဖုံးမှ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင် များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်း စစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး တွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် ခင်အောင်မြင့်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး တွင် အမျိုးသားညီလာခံကျင်းပရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

ပြည်ထောင်စုခန်းမကြီး

အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ ပြည်ထောင်စုခန်းမကြီးအား တွေ့ရစဉ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ အမျိုးသားညီလာခံ ကျင်းပမည့် ညောင်နှစ်ပင်ကွင်း စခန်းအတွင်း၌ ဖွင့်လှစ်ရောင်းချမည့် သက်သာအရောင်းဆိုင်များအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပါရမီခုံးကျော်တံတား ခြောက်လအပြီး တည်ဆောက်မည်

လုပ်ငန်းအမြန်ပြီးစီးရေး ဌာနဆိုင်ရာများ ဝိုင်းဝန်းကူညီ

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ အစိတ်အပိုင်းဖြစ်သည့် မီးရထားခုံးကျော်တံတားများတည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ ပါရမီခုံးကျော်တံတား တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပါရမီခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းယာယီရုံးလင်းဆောင်၌ကျင်းပရာ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရထားပို့ဆောင်ရေး

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး